မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၁၉ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် ( ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

**ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (Yangon Urban Mass Rapid Transit - YUMRT) အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီဖွဲ့စည်းခြင်း**

၁။ ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (Yangon Urban Mass Rapid Transit - YUMRT) ၏ ဦးစားပေးရထားလမ်းပိုင်း (လှိုင်သာယာ-ပါရမီ) ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် **ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (Yangon Urban Mass Rapid Transit - YUMRT) အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

(ဇ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (Yangon Urban Mass Rapid Transit - YUMRT) အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဦးစားပေးလမ်းပိုင်း (လှိုင်သာယာ-ပါရမီ) ၏ လမ်းအူကြောင်း အတည်ပြုသတ်မှတ်ရေး ဆောင်ရွက်ခြင်း၊

(ခ) ဦးစားပေးလမ်းပိုင်း အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် မြေယာလွှဲပြောင်းရေး၊ လျှပ်စစ်မီး ရရှိရေးနှင့် ပေါ်ပေါက်လာမည့် ဖွံ့ဖြိုးရေးဇုန်များအား စီမံခန့်ခွဲရေး စသည်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့အကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်နှင့်အညီ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရေးအတွက် ဦးစီးဆောင်ရွက်ခြင်း၊

(ဃ) ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို စီးပွားရေးရာကော်မတီမှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(င) နိုင်ငံတော်၏ဘတ်ဂျက်သုံးစွဲရန်ကိစ္စရပ်များ၊ ဆုံးဖြတ်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူဆောင်ရွက်ခြင်း။

၃။ ဦးဆောင်ကော်မတီသည် စီမံကိန်းအတွက် ဖွဲ့စည်းထားပြီးဆောင်ရွက်လျက်ရှိသော စီမံကိန်း အကောင်အထည်ဖော်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကော်မတီများအပြင် အခြားလိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ရန်ဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထား လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)**
**ပြင်ဆင်ရေးပူးပေါင်းကော်မတီ အဖွဲ့ဝင်တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉) ဖြင့် ဖွဲ့စည်းခဲ့သည့် “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ” အပိုဒ် ၂ ဖွဲ့စည်းခြင်း၊ အပိုဒ်ခွဲ (ဂ) အမှတ်စဉ် (၁၇)၊ (၁၈) (၃၄) မှ (၄၁) ထိပါ အဖွဲ့ဝင်များနေရာတွင် အောက်ဖော်ပြပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ ကိုယ်စားပြု ကိုယ်စားလှယ်တို့အား ထပ်မံထည့်သွင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးစိုင်းကျော်မိုး | မိုင်းပန်မဲဆန္ဒနယ် |
| (၂) | ဦးဆီဟူးဒွေ့ | ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) |
| (၃) | ဗိုလ်ချုပ်တင်ဆွေဝင်း | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် |
| (၄) | ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် |
| (၅) | ဒုတိယဗိုလ်မှူးကြီးသန့်ဇော် | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် |
| (၆) | ဗိုလ်မှူးဇင်လင်း | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် |
| (၇) | ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း | တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် |
| (၈) | ဒုတိယဗိုလ်မှူးကြီးမျိုးထွန်းအောင် | တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် |
| (၉) | ဗိုလ်မှူးသိန်းလွင်ဌေး | တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် |
| (၁၀) | ဗိုလ်မှူးထက်လင်း | တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် |

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို**
**ကာကွယ်ပေးရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)

**(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**

၁၃၈၀ ပြည့်နှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ ပြည်ထောင်စုအစိုးရ အဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။"

၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၁၃ ၏နောက်တွင် ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၄။ (က) ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင် ခွင့်ပြုချက်ကို ရယူရမည်။

(ခ) ဤဥပဒေပါ ပြစ်မှုများကို အာမခံပေးနိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

## ပြည်သူ့လွှတ်တော်ကော်မတီများ၏ သက်တမ်းတိုးမြှင့်ခြင်း

ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းခဲ့သည့် အောက်ပါကော်မတီ ၁၄ ခု၏ သက်တမ်းကို နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်လိုက်သည်-

| စဉ် | ကော်မတီအမည် | ရက်နေ့မှ | ရက်နေ့ထိ |
|---|---|---|---|
| ၁။ | နိုင်ငံတကာဆက်ဆံရေးကော်မတီ | ၁၇-၂-၂၀၁၉ | ၁၆-၂-၂၀၂၀ |
| ၂။ | တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ | ၁၇-၂-၂၀၁၉ | ၁၆-၂-၂၀၂၀ |
| ၃။ | တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ | ၁၇-၂-၂၀၁၉ | ၁၆-၂-၂၀၂၀ |

| စဉ် | ကော်မတီအမည် | ရက်နေ့မှ | ရက်နေ့ထိ |
|---|---|---|---|
| ၄။ | ပညာရေးမြှင့်တင်မှုကော်မတီ | ၁၉-၂-၂၀၁၉ | ၁၈-၂-၂၀၂၀ |
| ၅။ | ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေးကော်မတီ | ၁၉-၂-၂၀၁၉ | ၁၈-၂-၂၀၂၀ |
| ၆။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၁၉-၂-၂၀၁၉ | ၁၈-၂-၂၀၂၀ |
| ၇။ | ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီ | ၂၂-၂-၂၀၁၉ | ၂၁-၂-၂၀၂၀ |
| ၈။ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ | ၂၂-၂-၂၀၁၉ | ၂၁-၂-၂၀၂၀ |
| ၉။ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ | ၂၂-၂-၂၀၁၉ | ၂၁-၂-၂၀၂၀ |
| ၁၀။ | ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၂၄-၂-၂၀၁၉ | ၂၃-၂-၂၀၂၀ |
| ၁၁။ | လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ | ၂၄-၂-၂၀၁၉ | ၂၃-၂-၂၀၂၀ |
| ၁၂။ | နိုင်ငံသားများ၏ မူလအခွင့်အရေး ဆိုင်ရာကော်မတီ | ၂၆-၂-၂၀၁၉ | ၂၅-၂-၂၀၂၀ |
| ၁၃။ | စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုး တိုးတက်ရေးကော်မတီ | ၂၆-၂-၂၀၁၉ | ၂၅-၂-၂၀၂၀ |
| ၁၄။ | ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ | ၂၆-၂-၂၀၁၉ | ၂၅-၂-၂၀၂၀ |

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့မှတ်တမ်း

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

**ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံကြီး၏ လျှော့ဒဏ်ကြောင့် တမံထိပ်ပြင်မြေသား နိမ့်ကျမှုနှင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်လာမှုကို မိုးရာသီကာလမတိုင်မီနှင့် မိုးရာသီကာလတွင် မြို့နယ်သူမြို့နယ်သားများ လုံခြုံမှုရှိစေရန် မည်ကဲ့သို့စီမံထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီဒွန်း (ပေါက်ခေါင်းမဲဆန္ဒနယ်)** ။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်း ဖြစ်ပါတယ်။ မေးခွန်းမမေးခင် ဒီမေးခွန်းနှင့်ပတ်သက်ပြီး ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ရှိကြောင်း ပထမဦးစွာပြောကြားလိုပါတယ်။ ဒေသရဲ့အရေးပေါ်အခြေအနေအရ

အချိန်နှင့်တစ်ပြေးညီ မေးခွန်းကို ခွင့်ပြုပေးခဲ့တဲ့အတွက် ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ ယနေ့ ကျွန်မမေးမယ့်မေးခွန်းကတော့ ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံကြီးဟာ ငလျင်ဒဏ်ကြောင့် တမံထိပ်ပြင်မြေသားနိမ့်ကျမှုနှင့် အက်ကွဲကြောင်းများဖြစ်ပေါ်လာမှုကို မိုးရာသီကာလမတိုင်မီနှင့် မိုးရာသီကာလအတွင်း ပေါက်ခေါင်းမြို့နယ်သူမြို့နယ်သားများ လုံခြုံစိတ်ချရစေရန် မည်ကဲ့သို့စီမံထားရှိသည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ တောင်နဝင်းရေလှောင်တမံဟာ ပေါက်ခေါင်းမြို့နယ်၊ ရပ်သစ်ကျေးရွာအနီး တောနဝင်းချောင်းပေါ်မှာ တည်ရှိပြီး တမံအမြင့် ၁၄၁ ပေ၊ တမံအလျား ၁၆၆၇၄ ပေရှိ မြေသားတမံဖြစ်ပါတယ်။ တောင်နဝင်းရေလှောင်တမံကို ၁၉၈၅-၁၉၈၆ ခုနှစ်မှ ၁၉၉၄-၁၉၉၅ ခုနှစ်အတွင်း တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ တောင်နဝင်းရေလှောင်တမံဟာ ဆည်ရေသောက်မြေဧရိယာ ၅၇၂၅၈ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင် ။ ။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒီပုံကတော့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ကွင်းဆင်းကြည့်ရှုခဲ့တဲ့ပုံ ဖြစ်ပါတယ်။ ဒီပုံကတော့ မကြာသေးမီက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ကွင်းဆင်းကြည့်ရှုတဲ့ပုံ ဖြစ်ပါတယ်။ ဒီပုံကတော့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တိုင်းဒေသကြီးဝန်ကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းကြည့်ရှုခဲ့ကြတဲ့ပုံပဲ ဖြစ်ပါတယ်။ ဒီပုံတွေကတော့ မြေသားတမံကြီးရဲ့ ထိပ်မျက်နှာပြင် နိမ့်ကျသွားတဲ့ပုံတွေ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းကစပြီးတော့ တောင်နဝင်းရေလှောင်တမံ ထိပ်ပြင်မြေသားအလျားပေ ၁၀၀ အတွင်းမှာ တစ်ပေခန့်နိမ့်ကျပြီးတော့ မြေသားပေါင်ပေါ်မှာ အက်ကွဲကြောင်းတွေ ပေါ်ပေါက်လာတဲ့အတွက်ကြောင့် ပေါက်ခေါင်းမြို့နယ်သူမြို့နယ်သားများ အထူးစိုးရိမ်လျက်ရှိကြပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စူးစမ်းလေ့လာမှုများကို စဉ်ဆက်မပြတ်ပြုလုပ်နေပါသော်လည်း ယခုအချိန်အထိ အက်ကွဲကြောင်းများမှာ ပိုမိုကြီးမားလာခြင်း၊ မြေသားပေါင်ကြီးမှာ ပိုမိုနိမ့်ကျလာခြင်းတို့ကြောင့် ဒေသခံများဟာ အထူးစိုးရိမ်လျက်ရှိပါတယ်။ ထိုကဲ့သို့ဖြစ်ရပ်များ ဖြစ်ပေါ်လာသော်လည်း စူးစမ်းလေ့လာမှုများမှ ပြင်ဆင်သည့်အဆင့်သို့ မရောက်ရှိသေးပါသဖြင့် မိုးရာသီကာလ ရေသိုလှောင်မှုနှင့်ပတ်သက်၍ ရေလှောင်ပမာဏ ပိုမိုများပြားလာသည့်အခါ တမံကြီး၏ကြံ့ခိုင်မှုအခြေအနေကို ပြည်သူများမှာ ပိုမိုစိုးရိမ်ထိတ်လန့်လာကြပါတယ်။ ၄-၂-၂၀၁၉ ရက်နေ့ နံနက် ၅ နာရီခန့်မှာ စတုတ္ထအကြိမ်မြောက် ငလျင်ထပ်မံလှုပ်ခတ်တဲ့အတွက်ကြောင့် ပေါက်ခေါင်းမြို့နယ်သူမြို့နယ်သားများရဲ့စိုးရိမ်ထိတ်လန့်မှုဟာ အမြင့်ဆုံးအခြေအနေကို ရောက်ရှိလာခဲ့ပါတယ်။ ယင်းအခြေအနေများကြောင့် မိုးရာသီကာလမတိုင်မီနဲ့ မိုးရာသီအတွင်း ရေလှောင်ပမာဏ ပိုမိုများပြားလာပါက တမံကြီး၏ လုံခြုံစိတ်ချရမည့်အနေအထားကို မည်ကဲ့သို့ စီမံထားရှိကြောင်း သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်းရဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒီမေးခွန်း မေးခွင့်ရဖို့ကို ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်သလို အချိန်အခါနှင့်အညီ ဒီမေးခွန်းကိုမေးမြန်းပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း ဝန်ကြီးဌာနက များစွာကျေးဇူးတင်ရှိပါကြောင်း ပဏာမတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ။ Power Point အသုံးပြုရှင်းလင်းဖြေကြားခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်အတွင်း တည်ရှိတဲ့ တောင်နဝင်းရေလှောင်တမံကို ဒေသစိုက်ပျိုးမြေဧက ၅၇၂၅၈ ဧကမှာ မိုးစပါး၊ နွေစပါး၊ ကျန်သီးနှံနဲ့အခြားသီးနှံတွေ စိုက်ပျိုးရေပေးဝေစိုက်ပျိုးနိုင်ဖို့ ရည်ရွယ်ပြီးတော့ ၁၉၈၄-၁၉၈၅ ခုနှစ်က စတင်တည်ဆောက်ခဲ့တဲ့ရေလှောင်တမံဖြစ်ပါတယ်။ တည်ဆောက်မှုကာလ ၁၀ နှစ်တာကာလကြာမြင့်ခဲ့ပြီးတော့ စနစ်တကျအချိန်ယူတည်ဆောက်ခဲ့တဲ့ ရေလှောင်တမံကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပြီးတော့ တမံအလျားအနေနဲ့ကတော့ ၁၆၆၇၄ ပေနဲ့ တမံအမြင့် ၁၄၁ ပေရှိပါတယ်။ ကန်ရေပြည့်ရေလှောင်ပမာဏက ဧကပေ ၁၈၇၀၀၀ ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာပါတဲ့အတိုင်း ယခုနှစ်နှစ်ဆန်းကာလ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှာ ရေလှောင်တမံရဲ့ ပေတိုင် ၅၆၅၀ ကနေ ၆၁၀၀ ကြား၊ တမံထိပ်ပြင် (Crest) မှာ အက်ကြောင်းပေါ်ထွက်ခဲ့ပါတယ်။ အဆိုပါဖြစ်ရပ်ပေါ်မှာ ပေါ်ပေါက်လာတာနဲ့အညီ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာပညာရှင်တွေ၊ ဂျပန်နိုင်ငံအတိုင်ပင်ခံပညာရှင်များနဲ့ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီတို့မှ အင်ဂျင်နီယာပညာရှင်တွေက အချိန်နှင့်တစ်ပြေးညီ ရေလှောင်တမံကို အသီးသီးကွင်းဆင်းစစ်ဆေးမှုရှိခဲ့ပါတယ်။ အဆိုပါ ကွင်းဆင်းစစ်ဆေးခဲ့တဲ့ ပညာရှင်တွေရဲ့ သုံးသပ်ချက်အရ ရေလှောင်တမံတည်ရှိရာ ပေါက်ခေါင်းမြို့အနီးဝန်းကျင်ကို ဗဟိုပြုပြီး ၂၀၁၈ ခုနှစ်တွင် ကြုံတွေ့ခဲ့ရတဲ့ မြေငလျင်လေးကြိမ်လှုပ်ခတ်မှုကြောင့် တမံအောက်ခြေအုတ်မြစ်ကျောက်သားဟာ လှုပ်ရှားမှု ဖြစ်ပေါ်ခဲ့ပြီး တမံထိပ်မျက်နှာပြင်အပေါ်ယံအပိုင်း အက်ကြောင်းဖြစ်ပေါ်ခြင်းဖြစ်နိုင်ကြောင်း သုံးသပ် စစ်ဆေးရရှိပါတယ်။ အက်ကြောင်းစတင်ဖြစ်ပေါ်တဲ့နေ့ရက်ကစပြီး အက်ကြောင်းအတိုင်းအတာ ပမာဏ ပြောင်းလဲလာမှု ရှိ မရှိ၊ တမံထိပ်မျက်နှာပြင်နိမ့်ကျပြောင်းလဲနိုင်မှု ရှိ မရှိ၊ တမံကိုယ်ထည်ရွေ့လျားမှု Dam Body Displacement ရှိ မရှိတို့ကို မိမိတို့ဌာနအနေနဲ့ ၂၄ နာရီအချိန်ပြည့် စောင့်ကြည့်တိုင်းတာ စစ်ဆေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ။ ဒီလိုဆောင်ရွက်ခဲ့တဲ့အခါမှာ တမံကိုယ်ထည်နဲ့ အောက်ခံအုတ်မြစ်အခြေ အနေတွေကို ဘူမိရူပဗေဒဆိုင်ရာပုံရိပ်ဖမ်းခြင်းနည်းပညာ စမ်းသပ်နွံတွင်းများတူးဖော်ပြီး မြေသိပ်သည်းဆ စစ်ဆေးသောနည်းလမ်းတို့နဲ့ စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းတွေကို စမ်းသပ်မြေပြင်နေရာမှာ ၇ နေရာ တူပြီးတော့ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ အဲ့လိုဆောင်ရွက်တဲ့အခါမှာ လက်ရှိတူးဖော် ပြီးစီးခဲ့တဲ့ စမ်းသပ်တွင်းတွေရဲ့စစ်ဆေးတွေ့ရှိချက်အရ တမံကိုယ်ထည်မြေသားရဲ့ သိပ်သည်းဆဟာ မူလ ဒီဇိုင်းပြုပြင်တည်ဆောက်ထားတဲ့ မြေပြင်မြေသားသိပ်သည်းဆ ဂုဏ်သတ္တိများအတိုင်းရှိကြောင်း စိစစ်တွေ့ရှိ ရပါတယ်။ တမံအောက်ခံအုတ်မြစ်ရဲ့ အလွှာအချို့မှာတော့ မြေငလျင်ရဲ့လှုပ်ခတ်မှုဒဏ် သက်ရောက်မှုကြောင့် ပုံသဏ္ဌာန်ပျက်ယွင်းမှု အနည်းငယ်ဖြစ်ပေါ်နေကြောင်း တွေ့ရပါတယ်။

မြေငလျင်လှုပ်ခတ်မှုကဲ့သို့ သဘာဝဘေးအန္တရာယ်ကို ကြိုတင်သိရှိနိုင်ခြင်းမရှိတဲ့အလျောက် ဖြစ်ပေါ်လာတဲ့အခြေအနေအပေါ်မှာ မူတည်ပြီးတော့ တမံရဲ့ဘေးကင်းလုံခြုံမှုအတွက် အချိန်နှင့်တစ်ပြေးညီ ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ စီမံလုပ်ဆောင်ခဲ့ပါတယ်။ ဌာနမှသတ်မှတ်ပြဋ္ဌာန်းထားတဲ့ လုပ်ထုံး လုပ်နည်းနှင့်အညီ နှစ်စဉ်မျက်မြင်စစ်ဆေးခြင်းဆိုင်ရာ စစ်ဆေးမှုလုပ်ငန်းစဉ်များအတိုင်း စောင့်ကြည့်စစ်ဆေး စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် တမံရဲ့အခြေအနေမှန်ကို အချိန်နှင့်တစ်ပြေးညီ ဒေသနေပြည်သူတွေစောင့်ကြည့်ပြီး လိုအပ်မည့်အစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက်ကိုလည်းပဲ ဌာနမှ စီမံဆောင်ရွက်နေမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက်ကိုလည်း CCTV ကင်မရာရှစ်လုံး တပ်ဆင်ပြီးတော့ ဆောင်ရွက်ထားမှုရှိပါတယ်။ အလားတူ ရေလှောင်တမံနှင့်ပတ်သက်ပြီး ပြည်သူများ စိုးရိမ် ကြောင့်ကြမှုလျော့နည်းစေဖို့အတွက်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ဆည်မြောင်းပညာရှင်၊ ဂျပန်ပညာရှင်တို့မှ ဒေသခံပြည်သူတွေကို အခါမလပ်ဖြစ်ပေါ်တိုးတက်ဖို့ အခြေအနေတွေကိုလည်း ရှင်းလင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ။ လက်ရှိဂျပန်နိုင်ငံ ဆည်မြောင်းပညာရပ်ဆိုင်ရာ အတိုင်ပင်ခံအဖွဲ့ဖြစ်တဲ့ Sanyu အဖွဲ့က ဘူမိဗေဒပညာရှင်တစ်ဦးလည်း လိုအပ်တဲ့ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းဘူမိဗေဒပညာရှင်ရဲ့ အကြံပြုချက်နှင့်အညီ တမံအက်အကြောင်းကို ချဲ့ထွင်တူးဖော်ပြီး အက်ကြောင်း အတွင်းကို ဓာတုဆေးရည်ဖြည့်သွင်းပြီးတဲ့နောက် ဘူမိရူပဗေဒဆိုင်ရာ နည်းပညာနှင့် ပုံရိပ်ဖမ်းပြီး အက်ကြောင်း ဖြစ်ပေါ်မှုပုံစံနှင့်အတိမ်အနက်ကို တိကျစွာသိရှိနိုင်ဖို့ ဆောင်ရွက်လျက်ရှိနေပါတယ်။ မကြာမီမှာလည်းပဲ ဂျပန်နိုင်ငံ၊ Sanyu အတိုင်ပင်ခံအဖွဲ့မှ တမံဆိုင်ရာကျွမ်းကျင်အင်ဂျင်နီယာတစ်ဦးထပ်မံ ရောက်ရှိလာရမည် ဖြစ်ပြီးတော့ မြန်မာပညာရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားဖို့ စီစဉ်ထားပြီးလည်းဖြစ်ပါတယ်။

လတ်တလောစူးစမ်းလေ့လာတိုင်းတာမှုတွေအရ ရရှိတဲ့အချက်အလက်တွေအပေါ် အခြေခံပြီး ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့မှာ မိမိတို့ဝန်ကြီးဌာနမှ ဆည်မြောင်းပညာရပ်ဆိုင်ရာ ပညာရှင်များ၊ ဂျပန်နိုင်ငံမှပညာရှင်များနှင့် တောင်နဝင်းရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် မိုးရာသီ မတိုင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအမံတွေကို အကျေအလည် သုံးသပ်ဆွေးနွေးပြီး အသေးစိတ်ညှိနှိုင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ရေလှောင်တမံ နောင်ရေရှည်ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် တမံရဲ့

အခြေအနေကို အချိန်ပြည့်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းတွေနှင့်အတူ စီမံဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်တွေကို မိုးရာသီမတိုင်မီ ပြီးစီးအောင် အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်သွားမှာဖြစ်ပါတယ်။ လာမယ့် မိုးရာသီကာလအတွင်းမှာလည်း ရေသိုလှောင်ထိန်းသိမ်းမယ့် အခြေအနေတွေကိုလည်းပဲ ချိန်ဆစီမံ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အကောင်အထည်ဖော် ဆောင်ရွက်သွားရမယ့်လုပ်ငန်းစဉ်တွေကို တင်ပြ ရမယ်ဆိုရင် တမံရဲ့အောက်ခံ အုတ်မြစ်အားဖြည့်ခြင်းအတွက် ဘိလပ်မြေသရွတ် မှုတ်သွင်းခြင်း၊ တမံ ကိုယ်ထည်ရဲ့နောက်ဘက်မှ မြေသားပိုးပြီး မြေဖို့ခြင်းတို့ကို တစ်ပြိုင်နက်စတင်ဆောင်ရွက်ခြင်း၊ ထို့နောက် တမံထိပ်ပြင်အပေါ်ပိုင်းရှိ အက်ကြောင်းဖြစ်ပေါ်မှုပုံစံကို အက်ကြောင်းမြေပုံရေးဆွဲခြင်း၊ တစ်ဆက်တည်းမှာပင် တစ်မီတာအနက်တူးဖော်ကာ တွေ့ရှိရတဲ့အခြေအနေကို အက်ကြောင်းမြေပုံထပ်မံရေးဆွဲခြင်း၊ အက်ကြောင်း အတွင်းကို ဘိလပ်မြေ၊ မြေဖယောင်း၊ အလွန်သေးငယ်တဲ့ စီလီကွန်နန်းမှုန့်များနဲ့ နာနိုနည်းပညာသုံး ဓာတု ဗေဒပစ္စည်းများ ရောစပ်ထည့်သွင်းခြင်း၊ အဆိုပါလုပ်ငန်းစဉ်အတိုင်း အက်ကြောင်းတွေ့ရှိမှုအပေါ် မူတည်၍ အနက်သုံးမီတာမှ ငါးမီတာအထိ မြေသားဖယ်ရှားခြင်း၊ ဓာတုဗေဒပစ္စည်းများထည့်သွင်းခြင်းနှင့် အက်ကြောင်း မြေပုံရေးဆွဲခြင်းတို့ကို တစ်မီတာချင်းအလိုက် အဆင့်ဆင့်ဆောင်ရွက်သွားခြင်း၊ အများဆုံး ငါးမီတာအထိ ဆောင်ရွက်ခဲ့ပြီးတဲ့နောက် အက်ကြောင်းဖြစ်ပေါ်မှု ရှိ မရှိ စစ်ဆေးတွေ့ရှိချက်အရ အက်ကြောင်းတွေ့ရှိပါက အက်ကြောင်းများအတွင်း ဓာတုဗေဒပစ္စည်းများထည့်သွင်းခြင်းနှင့် လိုအပ်တဲ့ ပြုပြင်ပြီးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ ရှိပါတယ်။ အထက်ဖော်ပြပါ လုပ်ငန်းစဉ်တွေပြီးမယ်ဆိုရင်တော့ အဆိုပါ မြေသားဖယ်ရှားထားပြီးဖြစ်တဲ့ တမံထိပ်ပြင်အပိုင်းကို တမံ မြေဖို့ခြင်းလုပ်ငန်းစဉ်တွေအတိုင်း စနစ်တကျပြန်လည်မြေဖို့ဆောင်ရွက်သွားခြင်းတို့ကိုလည်း အကောင်အထည် ဖော်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ။ တောင်နဝင်းရေလှောင်တမံရဲ့ ထိပ်ပြင်အပေါ်ပိုင်းမှာ ယခုလို အက်ကြောင်း ဖြစ်ပေါ်မှုနှင့်ပတ်သက်ပြီး ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် တွေကို မိုးရာသီမတိုင်မီ ပြီးစီးအောင် စီမံဆောင်ရွက်သွားမှာဖြစ်တဲ့အပြောက် လက်ရှိပူးပေါင်းဆောင်ရွက်လျက် ရှိတဲ့ ဂျပန်ပညာရှင်တွေရဲ့ ညှိနှိုင်းဆက်သွယ်မှုအရ ဂျပန်နိုင်ငံ၊ ဆည်မြောင်းပညာရပ် အဆင့်မြင့်နည်းပညာ ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Technical Institute of Rural Development Committee ရဲ့ စူးစမ်း လေ့လာမှုစုံနှုန်းသတ်မှတ်ချက်များနှင့်အညီလည်း ထပ်မံစူးစမ်းလေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုဖြစ်ရပ်အပေါ် ဒေသနေပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုများ လျော့ပါး သွားစေမှုကနေပြီးတော့ ပူပင်သောကများကွယ်ပျောက်သွားပြီး မိမိတို့ရဲ့ဘဝ၊ အသက်အိုးအိမ်စည်းစိမ်များ စိတ်ချလုံခြုံစေမယ့် အခြေအနေဖန်တီးဖြစ်ပေါ်လာနိုင်မယ့်အနေအထားအထိ အထူးအလေးထား စီမံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ မိုက်ပေးပါ။

**ဒေါ်နီနီဌွန်း (ပေါက်ခေါင်းမဲဆန္ဒနယ်)** ။ ။ ဟုတ်ကဲ့။ ဒုတိယဝန်ကြီးအနေနဲ့ အခုလို ပြည့်ပြည့် စုံစုံဖြေကြားပြီးတော့ ကျွန်မတို့ကို ဆောင်ရွက်ပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့ မြို့နယ် ကိုယ်စား ပြောကြားလိုပါတယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့မြို့နယ် ပြည်သူတွေအနေနဲ့လည်း နိုင်ငံတော်အဆင့် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး အမြန်ဆုံးလာရောက် ကြည့်ရှုစစ်ဆေးပြီးတော့ ဆောင်ရွက် ပေးနိုင်ခြင်းရှိ မရှိ ကျွန်မအနေနဲ့ မေးမြန်းလိုပါတယ်ရှင်။

**ဥက္ကဋ္ဌ** ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ ထပ်ပြီးတော့ သွားချင်တဲ့ဆန္ဒရှိပါတယ်။ သို့သော်လည်းပဲ အကြောင်း၊ အကြောင်းလေးတွေရှိသေးတဲ့အလျောက် မကြာမီအချိန်အတွင်းမှာ ဝန်ကြီး သို့မဟုတ် မိမိ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆန္ဒအတိုင်း ဆောင်ရွက် ပေးဖို့ ဖြည့်ဆည်းလုပ်ကိုင်ပေးမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကြယ်ပွင့်ပြမေးခွန်းအား ပြည်သူလူထု တစ်ရပ်လုံးနဲ့သက်ဆိုင်ပြီး အများအတွက်အကျိုးရှိစေတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့်မေးခွန်းနဲ့ ဖြေကြားချက်များဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းခြင်းနဲ့ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

**[ ယခင်အပတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နည်းဥပဒေများမှအဆက် ]**

ပုံစံ (၁-ဆ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**
**မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုလွှာ**
**[နည်းဥပဒေ ၈ (က)]**

သို့

ဥက္ကဋ္ဌ
-----------------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ
-----------------မြို့နယ်

(၁) တောင်းဆိုသူအမည် ------------------------
(၂) အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------
(၃) မွေးသက္ကရာဇ် (အသက်) ------------------------
(၄) အဘအမည် ------------------------
(၅) အမိအမည် ------------------------
(၆) နေရပ်လိပ်စာ ------------------------

တောင်းဆိုသူသည် မြန်မာနိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဖြစ်၍ ----------------------- ရက်နေ့တွင် အသက် ၁၈ နှစ် ပြည့်သည့်အပြင် မဲစာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူ ဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ်ဖြင့် အောက်ပါ စာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

-------------------------------------
-------------------------------------

**ဝန်ခံချက်**

အထက်ပါ အချက်များအားလုံး မှန်ကန်ပါသည်။ တောင်းဆိုသူသည် မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှပါဝင်ရန် တောင်းဆိုထားခြင်း မရှိသေးပါ။

တောင်းဆိုသူ သို့မဟုတ်
ကိုယ်စားလှယ်လက်မှတ်
သို့မဟုတ် လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ -------------------။

**ထောက်ခံချက်**

တောင်းဆိုသူ ဦး/ဒေါ် ------------------- သည် အမှတ် (      ) -------------------- လမ်း၊ ------------ ရပ်ကွက်/ကျေးရွာအုပ်စုတွင် နေထိုင်သူဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူး
ရက်စွဲ။ ------------------------။ -------------- ရပ်ကွက်/ကျေးရွာအုပ်စု

မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၁-ဇ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**
**မဲစာရင်းနှင့်စပ်လျဉ်းသော ကန့်ကွက်လွှာ**
**[နည်းဥပဒေ ၁၀ (က)]**

သို့

ဥက္ကဋ္ဌ
--------------------- ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ
--------------------- မြို့နယ်

ကန့်ကွက်လိုသော မဲစာရင်း
----------------------- ရပ်ကွက်/ကျေးရွာအုပ်စု
မဲစာရင်းပါအမှတ်စဉ် ----------------------
ကန့်ကွက်လိုသော ဆန္ဒမဲပေးခွင့်ရှိသူ၏အမည် --------------------------------------------
ကန့်ကွက်ရသော အကြောင်းရင်း --------------------------------------------------
-----------------------------------------------------------------------------

ကျွန်ုပ်သည် ဤကန့်ကွက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် အသိသက်သေများကို အထောက်အထားအဖြစ် တင်ပြပါသည် -

-----------------------------------------------------------------------------
-----------------------------------------------------------------------------

ဤကန့်ကွက်လွှာပါ အကြောင်းအရာများကို ကျွန်ုပ်ကိုယ်တိုင် သိ/ကြားသမျှ ဟုတ်မှန်ကြောင်းဝန်ခံပါသည်။

ကန့်ကွက်သူအမည် ---------------------------------------------------
ကန့်ကွက်သူ၏ရပ်ကွက်/ကျေးရွာအုပ်စု ------------------------------------
ကန့်ကွက်သူ၏မဲစာရင်းပါအမှတ်စဉ် -------------------------------------

ကန့်ကွက်သူ၏လက်မှတ်
သို့မဟုတ် လက်ဝဲလက်မလက်ဗွေ

ရက်စွဲ။ ------------------------။
မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၂)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဒေသအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း**
**[နည်းဥပဒေ ၆ (က) (၁)]**

သို့

ဥက္ကဋ္ဌ
မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
--------------------- မြို့နယ်

အကြောင်းအရာ။ **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒခံယူပွဲဒေသအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း**

နေပြည်တော်ကောင်စီနယ်မြေ/ ------------- တိုင်းဒေသကြီး/ပြည်နယ်၊ ------------ ခရိုင်၊ ------------မြို့နယ်၊ --------------ရပ်ကွက်/ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသအတွက် ပြုစုထားသော ပူးတွဲပုံစံ (၁) ပါ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူဦးရေမှာ ---------------------------ဦး (စာဖြင့် -------------------------) ရှိကြောင်း ကြိုတင်တင်ပြအပ်ပါသည်။ [ပုံစံ (၁) ပူးတွဲလျက်]

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ
---------------ရပ်ကွက်/ကျေးရွာအုပ်စု

ရက်စွဲ ------------------------။
မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၂-က)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဒေသအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း**
**[နည်းဥပဒေ ၆ (က) (၂)]**

သို့

ဥက္ကဋ္ဌ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးပြည်ထောင်စုကော်မရှင်

အကြောင်းအရာ။ **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒခံယူပွဲဒေသအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း**

နေပြည်တော်ကောင်စီနယ်မြေ/ ------------- တိုင်းဒေသကြီး/ပြည်နယ်၊ ------------ ခရိုင်၊ ------------မြို့နယ်၊ ---------------ရပ်ကွက်/ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသအတွက် ပြုစုထားသော ပူးတွဲ ပုံစံ (၁-က) ပါ မဲစာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူဦးရေမှာ --------------------ဦး (စာဖြင့် ------------ ------------) ရှိကြောင်း ကြိုတင်တင်ပြအပ်ပါသည်။ [ ပုံစံ (၁-က) ပူးတွဲလျက် ]

သံရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူး
------------------------------နိုင်ငံ

ရက်စွဲ။ ------------------------။
မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၂-ခ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တပ်တွင်းရှိ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း**
**[နည်းဥပဒေ ၆ (က) (၃)]**

သို့

ဥက္ကဋ္ဌ
မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
----------------------မြို့နယ်

အကြောင်းအရာ။ **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တပ်တွင်းရှိ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း**

နေပြည်တော်ကောင်စီနယ်မြေ/ ------------- တိုင်းဒေသကြီး/ပြည်နယ်၊ ------------ ခရိုင်၊ ------------မြို့နယ်၊ ---------------ရပ်ကွက်/ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသအတွက် ပြုစုထားသော ပူးတွဲ ပုံစံ (၁-ခ) ပါ မဲစာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူဦးရေမှာ --------------------ဦး (စာဖြင့် ------------- -----------) ရှိကြောင်း ကြိုတင်တင်ပြအပ်ပါသည်။ [ ပုံစံ (၁-ခ) ပူးတွဲလျက် ]

တပ်မှူး
---------------------------တပ်
------------------မြို့နယ်

ရက်စွဲ။ ------------------------။
မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၂-ဂ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ကျောင်း၊ သင်တန်း၊ ဂေဟာ အတွင်းရှိ**
**ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း**
**[နည်းဥပဒေ ၆ (က) (၄)]**

သို့

ဥက္ကဋ္ဌ
မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
-----------------------မြို့နယ်

အကြောင်းအရာ။ **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ကျောင်း/သင်တန်း/ဂေဟာအတွင်းရှိ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း တင်ပြခြင်း**

နေပြည်တော်ကောင်စီနယ်မြေ/ ------------- တိုင်းဒေသကြီး/ပြည်နယ်၊ ------------ ခရိုင်၊ ------------မြို့နယ်၊ --------------ရပ်ကွက်/ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသအတွက် ပြုစုထားသော ပူးတွဲ ပုံစံ (၁-ဂ) ပါ မဲစာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူဦးရေမှာ --------------------ဦး (စာဖြင့် ------------- -----------) ရှိကြောင်း ကြိုတင်တင်ပြအပ်ပါသည်။ [ပုံစံ (၁-ဂ) ပူးတွဲလျက်]

ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး/
ကျောင်းအကြီးအမှူး/ဂေဟာမှူး

-------------------မြို့နယ်

ရက်စွဲ။ ------------------------။
မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၂-ဃ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း**
**[နည်းဥပဒေ ၆ (က) (၅)]**

သို့

ဥက္ကဋ္ဌ
မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
-------------------------မြို့နယ်

အကြောင်းအရာ။ **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဆန္ဒမဲပေးခွင့်ရှိသူများစာရင်း တင်ပြခြင်း**

နေပြည်တော်ကောင်စီနယ်မြေ/ ------------- တိုင်းဒေသကြီး/ပြည်နယ်၊ ------------ ခရိုင်၊ ------------မြို့နယ်၊ --------------ရပ်ကွက်/ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသအတွက် ပြုစုထားသော ပူးတွဲ ပုံစံ (၁-ဃ) ပါ မဲစာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူဦးရေမှာ --------------------ဦး (စာဖြင့် ------------ ------------) ရှိကြောင်း ကြိုတင်တင်ပြအပ်ပါသည်။ [ပုံစံ (၁-ဃ) ပူးတွဲလျက်]

ဆေးရုံအုပ်ကြီး
--------------------------ဆေးရုံ
-----------------မြို့နယ်

ရက်စွဲ။ ------------------------။
မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၂-င)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် လုပ်ငန်းခွင်၌ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း**
**[နည်းဥပဒေ ၆ (က) (၆)]**

သို့

ဥက္ကဋ္ဌ
မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
-------------------------မြို့နယ်

အကြောင်းအရာ။ **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် လုပ်ငန်းခွင်၌ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း**

နေပြည်တော်ကောင်စီနယ်မြေ/ ------------- တိုင်းဒေသကြီး/ပြည်နယ်၊ ------------ ခရိုင်၊ ------------မြို့နယ်၊ --------------ရပ်ကွက်/ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသအတွက် ပြုစုထားသော ပူးတွဲ ပုံစံ (၁-င) ပါ မဲစာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူဦးရေမှာ --------------------ဦး (စာဖြင့် ------------------------) ရှိကြောင်း ကြိုတင်တင်ပြအပ်ပါသည်။ [ပုံစံ (၁-င) ပူးတွဲလျက်]

လုပ်ငန်းခွင်အကြီးအမှူး
----------------------မြို့နယ်

ရက်စွဲ။ ------------------------။
မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၂-စ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ရဲစခန်းနှင့် အကျဉ်းထောင်ရှိ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း**
**[နည်းဥပဒေ ၆ (က) (၇)]**

သို့

ဥက္ကဋ္ဌ
မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
------------------------မြို့နယ်

အကြောင်းအရာ။ **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ရဲစခန်းနှင့် အကျဉ်းထောင်ရှိ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတင်ပြခြင်း**

နေပြည်တော်ကောင်စီနယ်မြေ/ ------------- တိုင်းဒေသကြီး/ပြည်နယ်၊ ------------ ခရိုင်၊ ------------မြို့နယ်၊ --------------ရပ်ကွက်/ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသအတွက် ပြုစုထားသော ပူးတွဲ ပုံစံ (၁-စ) ပါ မဲစာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူဦးရေမှာ --------------------ဦး (စာဖြင့် ------------------------) ရှိကြောင်း ကြိုတင်တင်ပြအပ်ပါသည်။ [ပုံစံ (၁-စ) ပူးတွဲလျက်]

ရဲစခန်းမှူး/ထောင်ပိုင်
--------------------မြို့နယ်

ရက်စွဲ။ ------------------------။
မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၃)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် မြို့နယ်အလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ**

**မြို့နယ်စာရင်းချုပ်တင်ပြခြင်း**

**[နည်းဥပဒေ ၆ (က) (၃)]**

သို့

ဥက္ကဋ္ဌ

နေပြည်တော်ကောင်စီနယ်မြေ/------------တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒခံယူပွဲကျင်းပမည့် မြို့နယ်အလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ စာရင်းချုပ်တင်ပြခြင်း**

------------------ မြို့နယ်အတွင်းမှ ဆန္ဒမဲပေးခွင့်ရှိသူဦးရေစာရင်းကို အောက်တွင် ဖော်ပြပါအတိုင်း တင်ပြအပ်ပါသည် -

| **အမှတ်စဉ်** | **ရပ်ကွက်/ကျေးရွာအုပ်စုအမည်နှင့် အခြားအဖွဲ့အစည်းများ** | **ဆန္ဒမဲပေးခွင့်ရှိသူဦးရေ** | | **မှတ်ချက်** |
|---|---|---|---|---|
| | | **ဂဏန်းဖြင့်** | **စာဖြင့်** | |
| | | | | |
| | | | | |
| | **စုစုပေါင်း** | | | |

ဥက္ကဋ္ဌ

မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

-------------------မြို့နယ်

မိတ္တူကို

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးပြည်ထောင်စုကော်မရှင်

သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ/

ခရိုင်ကော်မရှင်အဖွဲ့ခွဲ

ရှင်းလင်းချက်။ အခြားအဖွဲ့အစည်းများဆိုသည်မှာ နည်းဥပဒေ ၆ (ဂ) မှ (ဆ) ထိ ဖော်ပြထားသော အဖွဲ့အစည်းများကို ဆိုသည်။

ရက်စွဲ။ ------------------------။

မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၄)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/**
**ပြည်နယ်အလိုက် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းချုပ်တင်ပြခြင်း**
**[နည်းဥပဒေ ၆ (ခ)]**

သို့

ဥက္ကဋ္ဌ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးပြည်ထောင်စုကော်မရှင်

အကြောင်းအရာ။ **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒခံယူပွဲကျင်းပမည့် နေပြည်တော်ကောင်စီနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဆန္ဒမဲပေးခွင့်ရှိသူများ စာရင်းချုပ်တင်ပြခြင်း**

နေပြည်တော်ကောင်စီနယ်မြေ/------------ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း (    ) မှ မြို့နယ်အလိုက် ဆန္ဒမဲပေးခွင့်ရှိသူဦးရေစာရင်းကို အောက်တွင် ဖော်ပြပါအတိုင်း တင်ပြအပ်ပါသည် -

| အမှတ်စဉ် | မြို့နယ်အမည် | ဆန္ဒမဲပေးခွင့်ရှိသူဦးရေ | | မှတ်ချက် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာဖြင့် | |
| | | | | |
| | | | | |
| | **စုစုပေါင်း** | | | |

ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/
ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ
-----------------တိုင်းဒေသကြီး/ပြည်နယ်

ရက်စွဲ။ -------------------------။
မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၄-က)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/**
**ပြည်နယ်အလိုက် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းချုပ်**
**[နည်းဥပဒေ ၆ (ဂ)]**

| အမှတ်စဉ် | နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်အမည် | ဆန္ဒမဲပေးခွင့်ရှိသူဦးရေ | | မှတ်ချက် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာဖြင့် | |
| | | | | |
| | | | | |
| | **စုစုပေါင်း** | | | |

ဥက္ကဋ္ဌ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးပြည်ထောင်စုကော်မရှင်

ရက်စွဲ။ -------------------------။
မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၅)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**

**မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသို့ ဆန္ဒမဲလက်မှတ်နှင့် စာအိတ် ထုတ်ပေးသည့်စာရင်း**
**[နည်းဥပဒေ ၁၃ (က)]**

------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

| စဉ် | ပြင်ဆင်သည့်ပုဒ်မ/ပုဒ်မခွဲနှင့် ပြင်ဆင်ချက် | မဲဆန္ဒနယ် | ဆန္ဒမဲလက်မှတ် | | စာအိတ်အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အုပ်ရေ | ရွက်ရေ | | |
| | | | | | | |

အထက်ပါအတိုင်း ဆန္ဒမဲလက်မှတ်စာအုပ် (        )၊ ရွက်ရေ (          ) စောင် နှင့် စာအိတ် (          ) ကို ထုတ်ပေး/လက်ခံ ရရှိပါသည်။

ဥက္ကဋ္ဌ            အတွင်းရေးမှူး                                                    ဥက္ကဋ္ဌ            အတွင်းရေးမှူး

--------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ                                                    --------- ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ

ရက်စွဲ။ ------------------------ ။                                                    ရက်စွဲ။ ------------------------ ။

မှတ်ချက်။ (၁) ဤပုံစံကို (၂) စောင်ပြုစု၍တစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လက်ခံအဖြစ် သိမ်းဆည်း၍ ကျန်တစ်စောင်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လက်ခံအဖြစ် သိမ်းဆည်းထားရမည်။
(၂) မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၅-က)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**

**ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက မဲရုံမှူးသို့ ဆန္ဒမဲလက်မှတ်နှင့် စာအိတ် ထုတ်ပေးသည့်စာရင်း**
**[နည်းဥပဒေ ၁၃ (ခ)]**

------------------- ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

| စဉ် | ပြင်ဆင်သည့်ပုဒ်မ/ပုဒ်မခွဲနှင့် ပြင်ဆင်ချက် | မဲဆန္ဒနယ် | ဆန္ဒမဲလက်မှတ် | | စာအိတ်အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အုပ်ရေ | ရွက်ရေ | | |
| | | | | | | |

အထက်ပါအတိုင်း ဆန္ဒမဲလက်မှတ်စာအုပ် (        )၊ ရွက်ရေ (        ) စောင် နှင့် စာအိတ် (        ) ကို ထုတ်ပေး/လက်ခံ ရရှိပါသည်။

ဥက္ကဋ္ဌ　　　　အတွင်းရေးမှူး　　　　　　　　　　　　　　　　　　　　　　မဲရုံမှူး

------------ ရပ်ကွက်/ကျေးရွာအုပ်စု
ကော်မရှင်အဖွဲ့ခွဲ
ရက်စွဲ။ ------------------------ ။

အမည်၊ -------------------
မဲရုံအမှတ်၊ -------------------
ရက်စွဲ၊ -------------------

မှတ်ချက်။ (၁) ဤပုံစံကို (၂) စောင်ပြုစု၍တစ်စောင်ကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လက်ခံအဖြစ် သိမ်းဆည်းထား၍ တစ်စောင်ကို မဲရုံမှူးက သိမ်းဆည်းထားရမည်။
(၂) မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၅-ခ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**
**ကြိုတင်ဆန္ဒမဲလက်မှတ်များထုတ်ယူခြင်း၊ ထုတ်ပေးခြင်းတို့အတွက်**
**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက အသုံးပြုရမည့်စာရင်း**
**[နည်းဥပဒေ ၂၀ (င) (၁)]**

----------မြို့နယ်၊ --------ခရိုင်၊ နေပြည်တော်ကောင်စီနယ်မြေ/---------တိုင်းဒေသကြီး/ပြည်နယ်

| အမှတ်စဉ် | မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ လက်ခံရရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ် | ထုတ်ပေးသည့် ကြိုတင်ဆန္ဒမဲ လက်မှတ် | ပြန်လည်ရရှိသည့် ကြိုတင်ဆန္ဒမဲ လက်မှတ် | လက်ကျန် ကြိုတင်ဆန္ဒမဲ လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | | | |

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ
အမည်နှင့် လက်မှတ်

၁။ ဥက္ကဋ္ဌ -----------------------------------
၂။ အဖွဲ့ဝင် -----------------------------------
၃။ အဖွဲ့ဝင် -----------------------------------
၄။ အဖွဲ့ဝင် -----------------------------------
၅။ အတွင်းရေးမှူး -------------------------------

ရက်စွဲ၊ -----------------------။
မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၅-ဂ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**
**ဆန္ဒခံယူပွဲဒေသအတွင်း ကြိုတင်ဆန္ဒမဲပေးသူများစာရင်း**
**[နည်းဥပဒေ ၂၀ (င) (၂) (၃)]**

-------------------------မြို့နယ်
-------------------------ရပ်ကွက်/ကျေးရွာအုပ်စု
မဲရုံအမှတ် ( )

| စဉ် | မဲစာရင်းအမှတ်စဉ် | ကြိုတင်ဆန္ဒမဲပေးသူအမည် | အဘအမည် | လက်ခံဖြတ်ပိုင်းအမှတ်စဉ် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

လွှဲပြောင်းပေးအပ်သူ အထက်ပါအတိုင်း ချိပ်ပိတ်ထားသည့် မဲပုံး (၁) ပုံးနှင့် ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း ( ) စောင်ကို လက်ခံရရှိပါသည်။

ဥက္ကဋ္ဌ/အတွင်းရေးမှူး
------------ရပ်ကွက်/ကျေးရွာအုပ်စု
ကော်မရှင်အဖွဲ့ခွဲ
ရက်စွဲ၊ -----------------------။

မဲရုံမှူး၏လက်မှတ် --------------------
အမည် --------------------
ရက်စွဲ၊ --------------------

မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၅-ဃ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**
**ဆန္ဒမဲပေးခြင်းမစတင်မီ ဆန္ဒမဲလက်မှတ်များ ရေတွက်စစ်ဆေးခြင်းမှတ်တမ်း**
**[နည်းဥပဒေ ၁၃ (ဂ)]**

-----------------မြို့နယ်၊ ----------------- ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအမှတ် ( ) တွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များနှင့် မဲပုံးများကို ဆန္ဒမဲပေးခြင်းမပြုမီ -------------- ရက်နေ့ --------- အချိန်တွင် မျက်မြင်လက်တွေ့စစ်ဆေးခဲ့ရာ မဲပုံးများမှာ အလွတ်များဖြစ်ပြီး ဆန္ဒမဲလက်မှတ်များနှင့် မဲပုံးအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးပါသည် -

၁။ ဆန္ဒမဲလက်မှတ်အရေအတွက် (ဂဏန်းဖြင့်) -----------၊ (စာဖြင့်) -------------

၂။ မဲပုံးအလွတ်အရေအတွက် (ဂဏန်းဖြင့်) -----------၊ (စာဖြင့်) -------------

မဲရုံမှူး

အမည်၊ -----------------------------

ရက်စွဲ၊ ----------------------။ မှတ်ပုံတင်အမှတ်၊ --------------------

| မဲရုံအဖွဲ့ဝင် | မဲရုံအဖွဲ့ဝင် | မဲရုံအဖွဲ့ဝင် |
|---|---|---|
| အမည်၊ ---------------------- | အမည်၊ ---------------------- | အမည်၊ ---------------------- |
| မှတ်ပုံတင်အမှတ်၊ ------------- | မှတ်ပုံတင်အမှတ်၊ ------------- | မှတ်ပုံတင်အမှတ်၊ ------------- |

ရက်စွဲ၊ ------------------------။

မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၆)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**
**ပြင်ပသို့တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော်သားများနှင့်သက်ဆိုင်သည့်**
**ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်း**
**[နည်းဥပဒေ ၂၃ (ဂ)]**

----------မြို့နယ်၊ --------ခရိုင်၊ နေပြည်တော်ကောင်စီနယ်မြေ/ ---------တိုင်းဒေသကြီး/ပြည်နယ်

| **အမှတ်စဉ်** | **လက်ခံရရှိသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်** | **ထုတ်ပေးသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်** | **ပြန်လည်ရရှိသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်** | **ပြန်လည်မရရှိသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်** | **လက်ကျန် ကြိုတင်ဆန္ဒမဲ လက်မှတ်** | **မှတ်ချက်** |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | | | | | |

အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ခွဲဝင်များအမည်နှင့် လက်မှတ်

၁။ အဖွဲ့ခေါင်းဆောင်---------------------------------

၂။ အဖွဲ့ဝင် -----------------------------------------

၃။ အဖွဲ့ဝင် -----------------------------------------

၄။ အဖွဲ့ဝင် -----------------------------------------

၅။ အဖွဲ့ဝင် -----------------------------------------

ရက်စွဲ၊ ------------------------။

မှတ်ချက်။ မလိုသည့်စာသားကိုဖျက်ရန်။

ပုံစံ (၆-က)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**
**နိုင်ငံခြားရှိ ဆန္ဒမဲပေးခွင့်ရှိသူများနှင့် သက်ဆိုင်သောအဖွဲ့က အသုံးပြုရမည့်စာရင်း**
**[နည်းဥပဒေ ၂၄ (ဂ)]**

---------------နိုင်ငံ၊ -------------------------- မြို့၊ ------------------------အဖွဲ့

(ဇ) ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် ဒေသခံများ ပူးပေါင်းပါဝင်ရေး၊ လိုက်နာဆောင်ရွက်ရေး ပညာပေး၊ စည်းရုံးဆောင်ရွက်ရန်၊

(ဈ) ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း လက်ရှိ ရှိနေသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာစီမံချက်များကြောင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးမှု မဖြစ်စေရန်နှင့် မပျောက်ပျက်အောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

(ည) ယဉ်ကျေးမှုအမွေအနှစ်များရှိရာနေရာ၊ ကြားခံနေရာများနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများလိုက်နာစေရန်အတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊

(ဋ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း၌ဖြစ်စေ၊ ဒေသတစ်ဆက်တစ်စပ်တည်းမြင်ကွင်းတစ်ခုဖြစ်၍ အကာအကွယ်ပေးရန်လိုအပ်သော ဆက်စပ်နယ်မြေ၌ဖြစ်စေ နေထိုင်ရန် လူနေအိမ်ခြေ တိုက်တာ အဆောက်အအုံများ၊ လူသွားလမ်း၊ ယာဉ်သွားလမ်းများ၊ အသက်မွေးမှုအတွက် လယ်ယာများ၊ အခြားစီးပွားရေးလုပ်ငန်းများ အစရှိသည်တို့အတွက် ဆောင်ရွက်ခွင့်နှင့် မြေအသုံးချခွင့်ကို ထိန်းသိမ်း ကန့်သတ်ပေးရန်၊

(ဋ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များရေးဆွဲခြင်း၊ ထုတ်ပြန်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းပြုနိုင်ရေးအတွက် လိုအပ်သည်များကို တင်ပြဆောင်ရွက်ရန်၊

(ဌ) ပုဂံယဉ်ကျေးမှုနယ်မြေရှိ မြို့ပြလူနေရပ်ကွက်နှင့် တစ်ထပ်တည်းကျရောက်နေသည့် MZ နှင့် AZ များအတွင်း ဥပဒေ၊ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(၁) သတ်မှတ်ချက်များနှင့်ငြိစွန်းသည့် အဆောက်အအုံများကို သတ်မှတ်ချက်များနှင့် လွတ်ကင်းသည်အထိ ဥပဒေ၊ နည်းဥပဒေများအရ ကြပ်မတ်ဆောင်ရွက်သွားရန်၊

(၂) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် “၁၉၉၈ ခုနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ” ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ) တို့နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေး စိစစ်ခွင့်ပြုရန်။

(ဍ) ပုဂံဒေသအတွင်း ထပ်မံတိုးချဲ့ခြင်း၊ ကျူးကျော်ခြင်းများမရှိရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် မြို့ပြရော၊ ကျေးလက်ပါ ရှေးဟောင်းအဆောက်အအုံ နေရာ၊ မြင်ကွင်းမထိခိုက်စေရန် နယ်နိမိတ်သတ်မှတ်ပေးရန်၊

(ဎ) ပုဂံဒေသအတွင်းရှိ ဌာနဆိုင်ရာအားလုံးအား စုစည်း၍ ဌာနဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းများနှင့် ညီညွတ်စေလျက် စီမံခန့်ခွဲဆောင်ရွက်ရန်။

၃။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (မွေးရေကျေးလက်ကဏ္ဍ) မှ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော် အား အသက် (၆၀) နှစ်ပြည့်ပြီး နောက်ရက်ဖြစ်သော ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့အထိ အမြဲတမ်းအတွင်းဝန် ရာထူးတွင် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (မွေးရေကျေးလက်ကဏ္ဍ) ၏ အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၈) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပုဒ်မ ၇ နှင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်

အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆) အရ ပြင်ဆင်ဖွဲ့စည်းထားရှိသော **မွေးမြူရေးနှင့် ရေလုပ်ငန်း စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ** တွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခဲ့သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင် **အစား** ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချို အား အဖွဲ့ဝင်အဖြစ် အစားထိုး တာဝန်ပေးအပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၈) မှ အတည်ပြုပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ရာထူး တိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်မျိုးထိုက် အား ငါးလုပ်ငန်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ စာအမှတ်၊ ၂၁ (၉/၁၂၃၃)/၇/ သမ္မတရုံးဖြင့် ခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်မည့် (၁၁) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၌ ပေးအပ်ချီးမြှင့်မည့် **အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ခေါင်းဆောင်မှုအရည်အချင်းဆု** နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ NGO/CSO (၁) ဖွဲ့နှင့် Private Sector (၁) ဖွဲ့တို့အား ရွေးချယ် အဆိုပြုနိုင်ရေးအတွက် **ဆုရွေးချယ်ရေးကော်မတီ** အား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (က) | ဦးလှကျော် | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | နာယက |
| (ခ) | ဦးခန့်ဇော် | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | ဒေါ်ညိုညိုဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒေါက်တာဇာနည်မင်း | ညွှန်ကြားရေးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာခင်မောင်ဝင်း | ဥက္ကဋ္ဌ<br>လူမှုဖွံ့ဖြိုးရေးအသင်း (မြန်မာ NGO ကွန်ရက်၏ Focal Person) | အဖွဲ့ဝင် |
| (စ) | ဒေါက်တာတင်မိုးခိုင် | ညှိနှိုင်းရေးမှူး<br>FSWG (စားနပ်ရိက္ခာဖူလုံမှုပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့၏ Focal Person) | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ဆ) | ဦးမြင့်မောင်ထွန်း | ဥက္ကဋ္ဌ<br>မြန်မာ့စီးပွားရေးအမှုဆောင်အဖွဲ့<br>(သီးခြားအဖွဲ့အစည်း၏ Focal Person) | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်မှူး | ညှိနှိုင်းရေးမှူး<br>MyanDHRRA, Development for<br>Human Resources in Rural Area | အဖွဲ့ဝင် |
| (ဈ) | ဦးငွေသိန်း | ညွှန်ကြားရေးမှူး<br>စွမ်းဆောင်ရည်မြှင့်တင်ရေးအဖွဲ့<br>(မြန်မာ NGO ကွန်ရက်၏ Focal Person) | အဖွဲ့ဝင် |
| (ည) | ဦးမိုးကျော် | ဗဟိုအလုပ်အမှုဆောင်<br>ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်<br>(UMFCCI) (Private Sectors များ၏ Focal Person) | အဖွဲ့ဝင် |
| (ဋ) | ဦးအောင်ဇော်ဦး | ဥက္ကဋ္ဌ၊ ပြည်တွင်းဆက်ဆံရေးကော်မတီ<br>မြန်မာ့လူငယ်စွမ်းဆောင်ရှင်များအသင်း<br>(MYEA) (Private Sectors များ၏ Focal Person) | အဖွဲ့ဝင် |
| (ဌ) | ဒေါ်လှဝတီ | ဥက္ကဋ္ဌ<br>မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း<br>(သီးခြားအဖွဲ့အစည်းများ၏ Focal Person) | အဖွဲ့ဝင် |
| (ဍ) | ဦးဘော်ဘီ | အမှုဆောင်အရာရှိချုပ်<br>NAG (စားနပ်ရိက္ခာဖူလုံမှုပူးပေါင်း<br>ဆောင်ရွက်ရေးအဖွဲ့၏ Focal Person) | အတွင်းရေးမှူး |
| (ဎ) | ဦးရဲခေါင် | ညွှန်ကြားရေးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | တွဲဖက်<br>အတွင်းရေးမှူး |

အထက်ပါ ဆုရွေးချယ်ရေးကော်မတီသည် အောက်ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ဆုရွေးချယ်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ ပါဝင်တက်ရောက်ခြင်း၊

(ခ) ဆုရွေးချယ်မှုအတွက် အဖွဲ့အစည်းဆိုင်ရာ Criteria များ၊ အမှတ်ပေးစည်းမျဉ်း/စနစ်များနှင့် လုပ်ငန်းအချိန်ဇယားသတ်မှတ်ခြင်း၊

(ဂ) မြန်မာနိုင်ငံအတွင်းရှိ NGOs/CSOs များနှင့် Private Sectors တို့မှ ဆုလျှောက်ထားနိုင်ရေး အတွက် လျှောက်လွှာခေါ်ယူခြင်း၊ ကနဦးသုံးသပ်ခြင်းနှင့် Short List ပြုစုခြင်း၊

(ဃ) ခေါင်းဆောင်မှုအရည်အချင်းဆုအတွက် မြန်မာနိုင်ငံမှ NGO/CSO (၁) ဖွဲ့နှင့် Private Sector (၁) ဖွဲ့တို့အား အပြီးသတ် စိစစ်ရွေးချယ်ပြီး နိုင်ငံတော်သမ္မတရုံး/ပြည်ထောင်စုအစိုးရအဖွဲ့ရုံး/ နိုင်ငံတော်အတိုင်ပင်ခံရုံးသို့ တင်ပြ၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အဆိုပြုလွှာများတင်ပြခြင်း၊

(င) ဆုရွေးချယ်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့်အပိုင်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၉/ ၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/ ၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ စိုက်ပျိုးရေး၊

မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော် အား အသက် (၆၀) နှစ်ပြည့်ပြီး နောက်ရက်ဖြစ်သော ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့အထိ ညွှန်ကြားရေးမှူးချုပ်ရာထူးတွင် (၁) နှစ် ဆက်လက် ခန့်ထားလိုက်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (မွေးရေကျေးလက်ကဏ္ဍ) ၏ အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၈) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၉)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၂/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားပေးပို့ချက်များအရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦး အား လစ်လပ် လျက်ရှိသော ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ တိုင်းဒေသကြီးဦးစီးဌာနမှူး/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများအမှန်တကယ်စတင်ထမ်းဆောင် သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ တာဝန်၊ ဒေသ | တိုးမြှင့်ရာထူး၊ တာဝန်၊ ဒေသ |
|---|---|---|---|
| (က) | ဒေါက်တာမိုးမိုးခိုင် | ဒုတိယညွှန်ကြားရေးမှူး/<br>ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး<br>ဧရာဝတီတိုင်းဒေသကြီး | ညွှန်ကြားရေးမှူး/<br>တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ဧရာဝတီတိုင်းဒေသကြီး |
| (ခ) | ဒေါက်တာလှလှမွန် | ဒုတိယညွှန်ကြားရေးမှူး/<br>ဌာနစုမှူး<br>တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း<br>ကျန်းမာရေးစစ်ဆေးဌာနစု | ညွှန်ကြားရေးမှူး/<br>ဌာနခွဲမှူး<br>ပြည်သူ့ကျန်းမာရေးဌာနခွဲ |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်ထောင်စု နယ်မြေ (နေပြည်တော်) ရုံးမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ အောင်ကြည်ဦး အား ၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးရုံးမှ တိုင်းဒေသကြီးဦးစီးဌာနမှူး/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာဉာဏ်လင်း အား ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့် ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၉)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သော အောက်ပါရောဂါကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ **(ခ) စာရင်းဝင်ကူးစက်ရောဂါ** အဖြစ် ဖြည့်စွက်သတ်မှတ်ကြေညာလိုက်သည် -

**(ခ) စာရင်းဝင်ကူးစက်ရောဂါ**

| **စဉ်** | **ရောဂါအမည်** | **ဖြစ်ပွားတတ်သော တိရစ္ဆာန်** |
|---|---|---|
| (၁) | အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever) | ဝက် |

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၄၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး ဦးစိုးနိုင် (၁) အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒုတိယ ညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့
## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

၁။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သည့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## လုပ်ငန်းလိုင်စင်ကြေး၊ အခြားအခကြေးငွေ နှုန်းထားများနှင့် ဒဏ်ကြေးများသတ်မှတ်ခြင်း

၂။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ်များနှင့် စက်မဲ့တွဲများ၏ လုပ်ငန်းလိုင်စင်ပျောက်ဆုံးခြင်း၊ ဟောင်းနွမ်းပျက်စီးခြင်းအတွက် မိတ္တူထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်ပါ အချက်အလက်များအား ပြောင်းလဲခြင်း၊ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်မှု အတွက် ဒဏ်ကြေးပေးဆောင်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုများသို့သွားရောက်မည့် နိုင်ငံခြား ရေယာဉ်များအား ယာယီထုတ်ပေးသောလုပ်ငန်းလိုင်စင် နှုန်းထားသတ်မှတ်ခြင်းနှင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ လုပ်ကိုင်နိုင်ခြင်းမရှိသည့်လုပ်ငန်းများတွင် အသုံးပြုမည့်နိုင်ငံခြားရေယာဉ်များအား အထူးကိစ္စတစ်ရပ်အနေဖြင့် သက်တမ်းသုံးလထက်မပိုသော လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းအတွက် အခနှုန်းထားများကို အောက်ပါအတိုင်းသတ်မှတ်လိုက်သည် -

(က) လုပ်ငန်းလိုင်စင် ပျောက်ဆုံးဒဏ်ကြေး = လုပ်ငန်းလိုင်စင်ကြေး၏ (၃) ဆ

(ခ) လုပ်ငန်းလိုင်စင် ဟောင်းနွမ်းပျက်စီးမိတ္တူထုတ်ပေးခြင်း = ၅၀၀၀ ကျပ်

(ဂ) လုပ်ငန်းလိုင်စင်ပါ အချက်အလက်များပြောင်းလဲခြင်း

(၁) ရေယာဉ်အမည်ပြောင်းခြင်း = ၅၀၀၀ ကျပ်

(၂) ရေယာဉ်ပိုင်ရှင်အမည်၊ ရေယာဉ်ပိုင်ရှင် မှတ်ပုံတင်၊ ရေယာဉ်ပိုင်ရှင်လိပ်စာပြောင်းခြင်း = ၅၀၀၀ ကျပ်

(၃) ရေယာဉ်တန်ချိန်ပြောင်းလဲခြင်း = ၅၀၀၀ ကျပ်

(၄) ရေယာဉ်တွင်တင်ဆောင်မည့် ခရီးသည် အရေအတွက်ပြောင်းလဲခြင်း = ၅၀၀၀ ကျပ်

(၅) ရေယာဉ်၏လုပ်ငန်းလိုင်စင်အမျိုးအစားပြောင်းခြင်း = ၅၀၀၀ ကျပ်

(၆) ရေယာဉ်အတိုင်းအတာပြောင်းလဲခြင်း = ၅၀၀၀ ကျပ်

(၇) ရေယာဉ်ခရီးစဉ်ပြောင်းလဲခြင်း = ၅၀၀၀ ကျပ်

(ဃ) လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်မှုအတွက် ပေးဆောင်ရမည့်ဒဏ်ကြေး

(၁) ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ခုတ်မောင်းပြေးဆွဲခွင့် လက်မှတ်ထုတ်ပေးထားသောစက် မြင်းကောင်ရေ (၂၀) နှင့်အထက်ရေယာဉ်များ (ရေယာဉ်လတ်) = ၁၀၀၀၀ ကျပ်

(၂) ရုံးချုပ်မှတ်ပုံတင်ရေယာဉ်ကြီးများ = ၅၀၀၀၀ ကျပ်

(င) တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်၊ ကော့သောင်း၊ မြိတ်ကျွန်းစုဒေသများသို့ လာရောက် လည်ပတ်မည့် ခရီးသည်ပို့ဆောင်သည့် နိုင်ငံခြားရေယာဉ်များအား လုပ်ငန်းလိုင်စင်ယာယီ ထုတ်ပေးရာတွင် ခရီးစဉ်တစ်ခေါက်အတွက် နှုန်းထားများ -

(၁) ရေယာဉ်တန်ချိန် (GT) ၁၀၀ အထိ = ၅၀၀၀၀ ကျပ်

(၂) ရေယာဉ်တန်ချိန် (GT) ၁၀၁ မှ ၂၀၀ အထိ = ၁၀၀၀၀၀ ကျပ်

(၃) ရေယာဉ်တန်ချိန် (GT) ၂၀၁ မှ ၁၀၀၀ အထိ = ၃၀၀၀၀၀ ကျပ်

(၄) ရေယာဉ်တန်ချိန် (GT) ၁၀၀၁ မှ ၁၀၀၀၀ အထိ = ၄၀၀၀၀၀ ကျပ်

(၅) ရေယာဉ်တန်ချိန် (GT) ၁၀၀၀၀ အထက် = ၅၀၀၀၀၀ ကျပ်

(စ) မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်ခြင်း မရှိသည့် လုပ်ငန်းများ၌ အသုံးပြုမည့် နိုင်ငံခြားရေယာဉ် တစ်မျိုးမျိုးကို အထူးကိစ္စရပ်အနေဖြင့် သက်တမ်း သုံးလထက်မပိုသော လုပ်ငန်းလိုင်စင် ထုတ်ပေးရာတွင် တစ်ကြိမ် ထုတ်ပေးခြင်းအတွက် လုပ်ငန်းလိုင်စင်ကြေး = ၃၀၀၀၀၀ ကျပ်

၃။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၃ ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ်၊ ၅၄/၂၀၁၇ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
အတွင်းရေးမှူး
မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# (ပြည်ထောင်စုဝန်ကြီးရုံး)

# အမိန့်ကြော်ငြာစာအမှတ် (၀၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

## ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်အတွင်းကျရောက်သည့် အကျယ်အဝန်း (၇၅) ဧက၊ (၀. ၁၁၇) စတုရန်းမိုင်ရှိမြေကို သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **ကွက္ကသာသယလိုဏ်ဂူ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ** အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက် (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### နယ်နိမိတ်အလားအလာဖော်ပြချက်

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ ဦးစံမောင်တင်၏လယ်အနီး ခန့်မှန်းမြေပုံညွှန်း N-392485 မှ အရှေ့တောင်ဘက်သို့ (၃၀၅) ကိုက်ခန့်လာရာ ဦးအောင်သိန်းမြင့်၏လယ်ထိပ် ခန့်မှန်းမြေပုံညွှန်း N-394484 အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁၃၀) ကိုက်ခန့်လာရာ ဦးလှကုန်၏လယ်အနီး ခန့်မှန်းမြေပုံညွှန်း N-395483 အထိ၊

အရှေ့ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း N-395483 မှ အရှေ့တောင်ဘက်သို့ (၁၂၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-395482 အထိလည်းကောင်း၊ ထိုမှ အရှေ့ဘက်သို့ (၁၁၀) ကိုက်ခန့်လာရာ လူသွားလမ်းအနီး ခန့်မှန်းမြေပုံညွှန်း N-396482 အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁၄၀) ကိုက်ခန့်လာရာ ဦးစောချစ်မောင်၏လယ်အနီး ခန့်မှန်းမြေပုံညွှန်း N-397481 အထိလည်းကောင်း၊ ထိုမှ အနောက်တောင်ဘက်သို့ (၁၀၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-397480 အထိလည်းကောင်း၊ ထိုမှ အရှေ့ဘက်သို့ (၁၀၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-398480 အထိလည်းကောင်း၊ ထိုမှ အရှေ့တောင်ဘက်သို့ (၅၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-398479 အထိလည်းကောင်း၊ ထိုမှ အရှေ့ဘက်သို့ (၉၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-399479 အထိလည်းကောင်း၊ ထိုမှ တောင်ဘက်သို့ (၁၃၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-399478 အထိလည်းကောင်း၊ ထိုမှ တောင်ဘက်သို့ (၁၅၀) ကိုက်ခန့်လာရာ ဦးကဗျာလွတ်၏လယ်ထိပ်အနီး ခန့်မှန်းမြေပုံညွှန်း N-400477 အထိ၊

တောင်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း N-400477 မှတစ်ဆင့် အနောက်ဘက်သို့ (၁၅၀) ကိုက်ခန့်လာရာ လူသွားလမ်းအနီး ခန့်မှန်းမြေပုံညွှန်း N-398477 ထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁၂၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-398477 ထိလည်းကောင်း၊ ထိုမှ အနောက်ဘက်သို့ (၃၂၀) ကိုက်ခန့်လာရာ ဦးမောင်ဖိုးစိန်၏ လယ်အနီး ခန့်မှန်းမြေပုံညွှန်း N-394478 ထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃၅၀) ကိုက်ခန့်လာရာ လိုဏ်ဂူဝအနီး ခန့်မှန်းမြေပုံညွှန်း N-393481 ထိလည်းကောင်း၊ ထိုမှ

အနောက်မြောက်ဘက်သို့ (၁၇၀) ကိုက်ခန့်လာရာ ဒေါ်နော်မုမူ၏လယ်အနီး ခန့်မှန်းမြေပုံညွှန်း N-391482 ထိလည်းကောင်း၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂၅၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-388483 ထိ၊

အနောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း N-388483 မှ တောင်ပတ်လမ်းအတိုင်း အရှေ့မြောက်ဘက်သို့ (၂၃၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N-391484 ထိလည်းကောင်း၊ ထိုမှ မြောက်ဘက်သို့ (၁၅၀) ကိုက်ခန့်လာရာ မူလစတင်သည့် ဦးစံမောင်တင်၏လယ်အနီး ခန့်မှန်းမြေပုံညွှန်း N-392485 ထိ။

**တားမြစ်ချက်များ**

၂။ ဣစ္ဆာသယလိုဏ်ဂူ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအဖြစ် တည်ထောင်ရန်ရည်ရွယ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရန်တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသောပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့် တောရိုင်းတိရစ္ဆာန်ကိုမျှ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ၎င်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း လုံးဝမပြုလုပ်ရ၊

(င) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း မည်သည့် သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း လုံးဝမပြုလုပ်ရ၊

(စ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထား အတိုင်း တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့ မွေးမြူထားသောတိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသော နေရာများမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအဖြစ် သတ်မှတ်တည်ထောင်မည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ
ဘားအံမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ်

(ခ) မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ဘားအံမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ်

(ဂ) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

(ဃ) ဦးစောလှမင်းဇော်၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ် အဖွဲ့ဝင်
နောင်ပလိန်ကျေးရွာအုပ်စု

(င) ဦးစိုးအောင်၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ် အဖွဲ့ဝင်
နောင်ပလိန်ကျေးရွာ

(စ) ဦးအောင်သန်း၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ် အဖွဲ့ဝင်
ဘားအံမြို့

(ဆ) ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန အတွင်းရေးမှူး
ဘားအံမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ်

၄။ **လုပ်ငန်းတာဝန်။** ပဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါ ကြေးတိုင်ပုံစံများအရ သတ်မှတ်တည်ထောင်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ဣစ္ဆာသယလိုဏ်ဂူ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ သတ်မှတ်ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ်ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့် လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာစေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်း ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန်ပြုစုခြင်း၊

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများစစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့်လျော်ကြေးငွေစာရင်းကိုပြုစုခြင်း၊

(ဃ) သတ်မှတ်သည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့်ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်းသင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့်မြေများကို ဆိုင်ရာဆိုင်ခွင့် စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း ဣစ္ဆာသယလိုဏ်ဂူ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေဖွဲ့စည်းမည့် ဧရိယာအပါအဝင် အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည်တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်။

## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၆၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### လုံးခင်း၊ ဖားကန့်ရတနာနယ်မြေအတွင်း ကျောက်စိမ်းရိုင်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ တူးဖော်နိုင်ရေး ခေါင်းမိုးမြေစာဖယ်ရှားခြင်းနှင့် မြေစာပစ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများအတွက် မြေအသုံးပြုခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

၁။ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေအတွင်းတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့် ရရှိသော ကျောက်မျက်ရတနာကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းများသည် -

(က) သက်တမ်းရှိလုပ်ကွက်များကို ဆက်လက်တူးဖော်ရာတွင် ဆက်စပ်လုပ်ကွက်များမှ မြေပြိုကျခြင်းကို ကာကွယ်နိုင်ရန် တူးဖော်ခဲ့သော သက်တမ်းရှိလုပ်ကွက်များ၏ မြေမျက်နှာပြင်နှင့် လုပ်ကွက်ပြင်ပရှိ ဆက်စပ်နေသည့် တူးဖော်မှုမရှိသော နိုင်ငံပိုင်သက်တမ်းကုန် လစ်လပ်လုပ်ကွက်များ၏ မြေမျက်နှာပြင် အနိမ့်အမြင့်ကွာခြားချက်များ မဖြစ်ပေါ်စေရေး ဘေးအန္တရာယ်ရှိသည့် ဆက်စပ်လုပ်ကွက် သို့မဟုတ် မြေနေရာအား ခေါင်းမိုးမြေစာဖယ်ရှားခြင်းလုပ်ငန်းအတွက် မြေအသုံးပြု ခွင့်ပြုမိန့် လျှောက်ထားနိုင်သည်။

(ခ) ကျောက်စိမ်းရိုင်းတူးဖော်ရာမှ ထွက်ရှိလာသည့်မြေစာများကို သတ်မှတ်ထားသည့် စုပေါင်းမြေစာပုံ များသို့ သယ်ဆောင်စွန့်ပစ်ရာတွင် အကွာအဝေးတိုတောင်းစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်း စေရန် သက်ဆိုင်ရာခွင့်ပြုမိန့်ရရှိသူထံမှ သဘောတူညီချက်ရရှိသော သက်တမ်းရှိလုပ်ကွက်များ၊ နိုင်ငံပိုင်သက်တမ်းကုန် လစ်လပ်လုပ်ကွက်များကိုဖြတ်သန်း၍ မြေစာပစ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းအတွက် မြေအသုံးပြု ခွင့်ပြုမိန့်လျှောက်ထားနိုင်သည်။

၂။ ခေါင်းမိုးမြေစာဖယ်ရှားခြင်း သို့မဟုတ် မြေစာများစွန့်ပစ်နိုင်ရန် မြေစာပစ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းတို့အတွက် မြေအသုံးပြု ခွင့်ပြုမိန့်လျှောက်ထားသော ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းသည် အောက်ပါစာရွက်စာတမ်း အထောက်အထားများပူးတွဲ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းသို့ လျှောက်ထားရမည် -

(က) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လိပ်မူ၍ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် သမဝါယမအသင်း၏ ဥက္ကဋ္ဌကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် မြေအသုံးပြုခွင့်ပြုပါရန်လျှောက်လွှာ၊

(ခ) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်၊

(ဂ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ထုတ်ပေးသည့် ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှုသက်သေခံ လက်မှတ် သို့မဟုတ် သမဝါယမအသင်း မှတ်ပုံတင်လက်မှတ်၊

(ဃ) လျှောက်ထားသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်း၏ ဒါရိုက်တာ အဖွဲ့ဝင်များ သို့မဟုတ် အလုပ်အမှုဆောင်များ၏ အမည်စာရင်း၊

(င) လျှောက်ထားသည့် တည်နေရာ၊ အကျယ်အဝန်း၊ ဆောင်ရွက်လိုသည့်ကာလ၊

(စ) အခြားသောခွင့်ပြုမိန့်ရရှိထားသူ၏ သက်တမ်းရှိ လုပ်ကွက်အတွင်းကျရောက်ပါက သက်ဆိုင်ရာ ခွင့်ပြုမိန့်ရရှိသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် -

(က) ခေါင်းမိုးမြေစာဖယ်ရှားခြင်း သို့မဟုတ် မြေစာများစွန့်ပစ်နိုင်ရန် မြေစာပစ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းအတွက် မြေအသုံးပြုခွင့်ပြုမိန့် လျှောက်ထားမှုကိုလက်ခံရရှိပါက အထက်အပိုဒ် ၂ ပါ သတ်မှတ်ချက်များပြည့်စုံမှန်ကန်မှု ရှိ မရှိ စိစစ်၍ အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားရှိရမည် -

(၁) လျှောက်ထားသည့်ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းအမည်၊

(၂) လျှောက်ထားသည့်ရက်၊

(၃) လျှောက်ထားသည့်ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းက ခွင့်ပြုချက်ဖြင့် လက်ရှိတူးဖော် လုပ်ကိုင်နေသည့် ပုဂ္ဂလိက သို့မဟုတ် အကျိုးတူလုပ်ကွက် အမျိုးအစား၊

(၄) ခေါင်းမိုးမြေစာဖယ်ရှားခြင်းနှင့် မြေစာပစ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသည့် တည်နေရာ၊ အကျယ်အဝန်းနှင့် ဆောင်ရွက်လိုသည့်ကာလ။

(ခ) လျှောက်ထားချက်သည် သတ်မှတ်ချက်များနှင့် ပြည့်စုံမှန်ကန်မှုရှိကြောင်း စိစစ်တွေ့ရှိရပါက ကွင်းဆင်းစစ်ဆေးမည့် စီမံချက်နှင့်အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည်။

၄။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကွင်းဆင်းစစ်ဆေးမည့် စီမံချက်ကိုအတည်ပြုပါက အောက်ပါဌာန၊ အဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် -

(က) ကချင်ပြည်နယ်အစိုးရအဖွဲ့၊

(ခ) ကချင်ပြည်နယ်လွှတ်တော်၊

(ဂ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊

(ဃ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(င) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊

(စ) မြို့နယ်သစ်တောဦးစီးဌာန၊

(ဆ) ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ဖားကန့်)၊

(ဇ) မြို့မိ၊ မြို့ဖ။

၅။ **ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် -**

(က) သတ်မှတ်ထားသည့်နေ့ရက်များတွင် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ရမည်။

(ခ) မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေး သုံးသပ်ခြင်းဆောင်ရွက်ရမည်။

(ဂ) ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များပါဝင်သော ကွင်းဆင်းစစ်ဆေးမှု အစီရင်ခံစာကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးပို့တင်ပြရမည်။

၆။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကွင်းဆင်းစစ်ဆေးမှု အစီရင်ခံစာကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည်။

၇။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြေအသုံးပြုခွင့်ပြုမိန့် ထုတ်ပေးရန် ဆုံးဖြတ်ပါက မြေအသုံးပြုခွင့်ပြုမိန့်သက်တမ်းနှင့် မြေငှားရမ်းခတို့ကို သတ်မှတ်၍ ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားရမည်။

၈။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် -

(က) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြေအသုံးပြုခွင့်ပြုမိန့် ထုတ်ပေးရန်ဆုံးဖြတ်ကြောင်း အကြောင်းကြားပါက လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းပမာဏ၊ လုပ်ငန်းကာလ၊ ခွင့်ပြုမိန့်အတွက်ပေးသွင်းရမည့် ငွေပမာဏနှင့် နောက်ဆုံးပေးသွင်းရမည့် ရက်စွဲတို့ကို ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) သို့ လိပ်မူပြီး လျှောက်ထားသည့် ကုမ္ပဏီသို့ မိတ္တူပေးပို့ပြီး အသိပေးအကြောင်းကြားရမည်။

(ခ) မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းအား ခွင့်ပြုလုပ်ငန်းပမာဏ အတိုင်း ဆောင်ရွက်စေရေးကြပ်မတ်ကွပ်ကဲရမည်။

(ဂ) မြေအသုံးပြုခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်း၏ လုပ်ငန်းဆောင်ရွက် ပြီးစီးမှု၊ ကျောက်စိမ်းရိုင်းရှာဖွေရရှိမှု အခြေအနေများအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၉။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) သည် -

(က) ဆောင်ရွက်ခွင့်ပြုသည့် လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းပမာဏ၊ လုပ်ငန်းကာလအတိုင်း မြေပြင်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏကို တိုင်းတာအပ်နှံပေးမည်ဖြစ်ကြောင်း မြေအသုံးပြု ခွင့်ပြုမိန့် ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းသို့ အသိပေးအကြောင်းကြားရမည်။

(ခ) ကွင်းဆင်းတိုင်းတာ အပ်နှံရေးအဖွဲ့ကို ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) မှ အရာထမ်း၊ အမှုထမ်းများဖြင့် ဖွဲ့စည်း၍ မြေပြင်တွင်ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏကို မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းသို့ တိုင်းတာအပ်နှံရမည်။

(ဂ) မြေအသုံးပြုခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းက မြေပြင်တွင် လုပ်ငန်းများ ဆောင်ရွက်ရာမှ ကျောက်စိမ်းရိုင်းရရှိသဖြင့် ကျောက်စိမ်းရိုင်း ရှာဖွေရေးအဖွဲ့၊ မှော်ကြီးကြပ်ရေး အဖွဲ့၊ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့တို့မှ အဆင့်ဆင့်အပ်နှံလာသော ကျောက်စိမ်းရိုင်းများကို စနစ်တကျလက်ခံရမည်။

(ဃ) လက်ခံရရှိသည့် ကျောက်စိမ်းရိုင်းများကို ထိန်းသိမ်းရေးနှင့် တင်ပို့ရေးဌာနခွဲတွင် သီးခြားစာရင်း တစ်ခုဖွင့်လှစ်၍ မှတ်တမ်းတင်ခြင်း၊ ကျောက်စိမ်းရိုင်းဂိုဒေါင်များတွင် စနစ်တကျထားသိုသိမ်းဆည်း ခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ ပို့ဆောင်ခြင်းများအား ဆောင်ရွက် ရမည်။

၁၀။ မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းသည် ခွင့်ပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် -

(က) ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းပမာဏတို့ကို ခွင့်ပြုထားသည့်လုပ်ငန်း ကာလအတွင်းသာ ဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ခေါင်းမိုးကျင်းခြင်းကို လှေကားထစ်ပုံစံဖြင့် ဆောင်ရွက်ရမည်။

(ဂ) မြေအသုံးပြု ခွင့်ပြုမိန့် ရရှိသောနေရာတွင် လုပ်ငန်းဆောင်ရွက်စဉ် တွေ့ရှိရသော နိုင်ငံပိုင် ကျောက်စိမ်းရိုင်းများကို စနစ်တကျအပ်နှံရမည်။

၁၁။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) သည် ခေါင်းမိုးမြေစာဖယ်ရှားခြင်း သို့မဟုတ် မြေစာပစ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းအတွက် မြေအသုံးပြုခွင့်ပြုမိန့် ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်း၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲနိုင်ရေးအတွက်

လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ မှော်ကြီးကြပ်ရေးအဖွဲ့၊ ကျောက်စိမ်းရိုင်းရှာဖွေရေးအဖွဲ့နှင့် တတိယအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ရမည် -

(က) **လုပ်ငန်းကြီးကြပ်ရေးအဖွဲ့**

(၁) **ဖွဲ့စည်းပုံ**

| | | |
|---|---|---|
| (ကက) | ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) မှ လက်ထောက် အထွေထွေမန်နေဂျာအဆင့်ရှိ အရာထမ်း (၁) ဦး၊ | အဖွဲ့ခေါင်းဆောင် |
| (ခခ) | ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) မှ အမှုထမ်း (၁) ဦး၊ | အဖွဲ့ဝင် |
| (ဂဂ) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၂) ဦး၊ | အဖွဲ့ဝင် |
| (ဃဃ) | ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ဖားကန့်) မှ (၂) ဦး၊ | အဖွဲ့ဝင် |
| (ငင) | မြို့မိ၊ မြို့ဖ (၁) ဦး၊ | အဖွဲ့ဝင် |

(၂) **လုပ်ငန်းတာဝန်များ**

(ကက) လုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် မြေအသုံးပြု ခွင့်ပြုမိန့် ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းအား ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၁၀ ပါ အတိုင်း လိုက်နာဆောင်ရွက်စေရေး စစ်ဆေးကြပ်မတ်ရမည်။

(ခခ) မှော်ကြီးကြပ်ရေးအဖွဲ့က ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) သို့ ကျောက်စိမ်းရိုင်းများအပ်နှံရာတွင် စနစ်တကျအပ်နှံနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးရမည်။

(ခ) **မှော်ကြီးကြပ်ရေးအဖွဲ့**

(၁) **ဖွဲ့စည်းပုံ**

| | | |
|---|---|---|
| (ကက) | ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) သက်ဆိုင်ရာနယ်မြေမှ နယ်မြေမှူး၊ | အဖွဲ့ခေါင်းဆောင် |
| (ခခ) | ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) မှ အမှုထမ်း (၁) ဦး၊ | အဖွဲ့ဝင် |
| (ဂဂ) | သက်ဆိုင်ရာနယ်မြေအတွင်းရှိ အကျိုးတူ လုပ်ကွက်များမှ အနီးကပ်ကြီးကြပ်ဝန်ထမ်း (၂) ဦး၊ | အဖွဲ့ဝင် |
| (ဃဃ) | သက်ဆိုင်ရာကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းမှ တာဝန်ခံ (၁) ဦး၊ | အဖွဲ့ဝင် |

(၂) **လုပ်ငန်းတာဝန်များ**

(ကက) မြေအသုံးပြု ခွင့်ပြုမိန့် ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းအား ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၁၀ ပါအတိုင်း လိုက်နာဆောင်ရွက်စေရေး အနီးကပ် စစ်ဆေးကြပ်မတ်ရမည်။

(ခခ) လုပ်ငန်းဆောင်ရွက်သည့်အချိန်တိုင်း လုပ်ငန်းခွင်ကို စောင့်ကြပ်ကြည့်ရှုရမည်။

(ဂဂ) ကျောက်စိမ်းရိုင်းရှာဖွေရေးအဖွဲ့က လာရောက်အပ်နှံသည့် နိုင်ငံပိုင် ကျောက်စိမ်းရိုင်းများကို ကနဦးမှတ်ပုံတင်စာအုပ်တွင်လည်းကောင်း၊ စစ်ဆေးချိန်တွယ် ပြီးချိန်တွင် ရှေးဦးမှတ်ပုံတင်စာအုပ်တွင်လည်းကောင်း စနစ်တကျစာရင်းသွင်း မှတ်တမ်းတင်ထားရှိရမည်။ ပြချက်ပါသော (အရည်အသွေးကောင်းမွန်နိုင်သည့်) ကျောက်စိမ်းရိုင်းများကို သီးခြားမှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်းထားရမည်။

(ဃဃ) ရှေးဦးမှတ်ပုံတင်စာအုပ်နှင့် သီးခြားမှတ်ပုံတင်စာအုပ်တို့တွင် စနစ်တကျ စာရင်းသွင်း မှတ်တမ်းတင်ထားသော ကျောက်စိမ်းရိုင်းများကို သီးခြားသိုလှောင်ဂိုဒေါင်အတွင်း စနစ်တကျ သော့ခတ်သိမ်းဆည်းထားပြီး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) သို့ (၁) ပတ်လျှင် (၁) ကြိမ် စနစ်တကျ အပ်နှံနိုင်ရေးဆောင်ရွက်ရမည်။

(ဂ) **ကျောက်စိမ်းရိုင်းရှာဖွေရေးအဖွဲ့**

(၁) **ဖွဲ့စည်းပုံ**

(ကက) ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က တာဝန်ပေးအပ်သူ (၁) ဦး၊ — ကျောက်ရှာကြီးကြပ်သူ

(ခခ) ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က တာဝန်ပေးအပ်သူ (၃) ဦးမှ (၅) ဦး၊ — ကျောက်ရှာလုပ်သား

(ဂဂ) မြေအသုံးပြုခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းက တာဝန်ပေးအပ်သူ (၁) ဦး သို့မဟုတ် (၂) ဦး၊ — ကျောက်ရှာလုပ်သား

(၂) **လုပ်ငန်းတာဝန်များ**

(ကက) မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းက ဆောင်ရွက်သည့် လုပ်ငန်းခွင်အတွင်းမှ နိုင်ငံပိုင် ကျောက်စိမ်းရိုင်းများကို ရှာဖွေရမည်။

(ခခ) တွေ့ရှိအပ်နှံသော နိုင်ငံပိုင် ကျောက်စိမ်းရိုင်းများကို စနစ်တကျ စာရင်းသွင်း မှတ်တမ်းတင်ထားရှိရမည်။

(ဂဂ) တွေ့ရှိသည့် နိုင်ငံပိုင် ကျောက်စိမ်းရိုင်းများကို မှော်ကြီးကြပ်ရေးအဖွဲ့သို့ သတင်းပို့ အပ်နှံရမည်။

(ဃ) **တတိယအဖွဲ့**

(၁) **ဖွဲ့စည်းပုံ**။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က တာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ်များဖြင့် တတိယအဖွဲ့ကို ဖွဲ့စည်းရမည်။

(၂) **လုပ်ငန်းတာဝန်များ**။ မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမ အသင်း၏ ဆောင်ရွက်မှု၊ ကျောက်စိမ်းရိုင်းရှာဖွေရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် မှော်ကြီးကြပ်ရေးအဖွဲ့၏ စစ်ဆေးကြပ်မတ်မှု အခြေအနေများကို စောင့်ကြပ်ကြည့်ရှု၍ တွေ့ရှိချက်များကို ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) သို့ တင်ပြရမည်။

(င) မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသည့်လုပ်ငန်းကိုဆောင်ရွက်သည့် လုပ်ကွက်တိုင်း သို့မဟုတ် နေရာတိုင်းတွင် ကျောက်စိမ်းရိုင်းရှာဖွေရေးအဖွဲ့ (၁) ဖွဲ့ ထားရှိရမည်။

၁၂။ ဤခေါင်းမိုးမြေစာဖယ်ရှားခြင်းနှင့် မြေစာပစ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများအတွက် မြေအသုံးပြု ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များကို မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းက လိုက်နာရန်ပျက်ကွက်ပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၆ တွင် ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရမည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

၁။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၉၁ (က) နှင့် နည်းဥပဒေ ၂၀၇ တို့အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၈၄၉/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေး အယူခံခုံအဖွဲ့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးအုန်းသန်း<br>တိုင်းဒေသကြီးဥပဒေအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံး | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းနိုင်<br>ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း<br>(အလုပ်ရှင်ကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ဂ) | ဦးထင်ဝင်းကျော်<br>ကြီးကြပ်ရေးမှူး<br>ရန်ကုန်တာယာစက်ရုံ<br>အခြေခံအလုပ်သမားအဖွဲ့၊ အမှတ် (၁) နယ်မြေ<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ဃ) | ဦးရဲလွင်ဦး<br>အဖွဲ့ဝင်<br>တိုတယ်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>အမှတ် (၂) နယ်မြေ<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (င) | ဦးကျင်သိန်း<br>အတွင်းရေးမှူး<br>ကုန်တင်/ကုန်ချ (လှိုင်ဌာန)<br>အခြေခံအလုပ်သမားအဖွဲ့အစည်း<br>အမှတ် (၃) နယ်မြေ<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (စ) | ဦးတင်စိုး<br>ဥက္ကဋ္ဌ<br>ရန်ကင်းမောင်အနေးယာဉ်<br>အခြေခံအလုပ်သမားအဖွဲ့အစည်း (၁)<br>အမှတ် (၄) နယ်မြေ<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဆ) | ဦးဇော်တင်<br>အလုပ်အမှုဆောင်<br>ကတ္တူဌာနခွဲ ကြည့်မြင်တိုင်မြို့နယ်<br>အမှတ် (၅) နယ်မြေ<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ဇ) | ဦးစိုးလွင်<br>အတွင်းရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး<br>မြစ်ဝကျွန်းပေါ်ဌာနခွဲ (စက်)<br>ပြည်တွင်းရေကြောင်း၊ (၆/၁၁/၁၂) နယ်မြေ<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ဈ) | ဦးထွန်းမြဇင်<br>အတွင်းရေးမှူး<br>တီအက်စ်ဟိုတယ်<br>အခြေခံအလုပ်သမားအဖွဲ့အစည်း<br>အမှတ် (၇) နယ်မြေ<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ည) | ဦးကောင်းမြတ်စိုး<br>မြန်မာ့ရေနံသဘာဝဓာတ်ငွေ့လုပ်ငန်း<br>အခြေခံအလုပ်သမားအဖွဲ့အစည်း<br>ဗဟန်းမြို့နယ်၊ အမှတ် (၈/၉) နယ်မြေ<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ဋ) | ဦးကြည်ဖြူ<br>အတွင်းရေးမှူး<br>သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဒေါပုံ<br>အမှတ် (၁၀) နယ်မြေ<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ဌ) | ဦးကျော်ဇောလင်း<br>ဥက္ကဋ္ဌ<br>ကုန်းတလပေါင် (တောင်ပိုင်း)<br>ဆောက်လုပ်ရေးအခြေခံအလုပ်သမားအဖွဲ့အစည်း၊ မင်္ဂလာဒုံမြို့နယ်<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ဍ) | ဦးနိုင်လင်းအောင်<br>ဥက္ကဋ္ဌ<br>TOYO Battery စက်ရုံ<br>အခြေခံအလုပ်သမားအဖွဲ့အစည်း၊ ရွှေပြည်သာ<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ပ) | ဦးအောင်ဆန်းဝင်း<br>အဖွဲ့ဝင်<br>M.G.S အချိုရည်စက်ရုံ<br>အခြေခံအလုပ်သမားအဖွဲ့အစည်း<br>မှော်ဘီမြို့နယ်<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဏ) | ဦးထွန်းလင်းသူ<br>အတွင်းရေးမှူး<br>လူသုံးကုန်ဖိနပ်အဖွဲ့အစည်း၊ လှိုင်သာယာ<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (တ) | ဦးဖုန်းဇော်<br>အဖွဲ့ဝင်<br>SGI အထည်ချုပ်စက်ရုံ၊ အလုပ်သမားအဖွဲ့အစည်း<br>ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ထ) | ဦးသန်းဝင်း<br>ဥက္ကဋ္ဌ<br>အခြေခံမော်တော်ယာဉ်အလုပ်သမားအဖွဲ့အစည်း<br>ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |

၂။ လူမှုဖူလုံရေးအယူခံခုံအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အယူခံခုံအဖွဲ့ ဥက္ကဋ္ဌသည် ခုံအဖွဲ့၏ ကြားနာစစ်ဆေးမှုများကို ဥပဒေနှင့်အညီ ကြီးကြပ်စီမံခန့်ခွဲ၍ တာဝန်ယူဆောင်ရွက်ရမည်။

(ခ) အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တာဝန်ဝတ္တရားများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိပြီး ဥပဒေနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ စီရင်ဆုံးဖြတ်ရမည်။

(ဂ) အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဆန္ဒမဲများရာဖြင့် ချမှတ်ရမည်။

(ဃ) အယူခံခုံအဖွဲ့သည် အမှုနှင့်သက်ဆိုင်သော ကာယကံရှင်များ၊ သက်သေများ၊ ကျွမ်းကျင်သူများကို ဆင့်ခေါ်စာများထုတ်ပြန်၍ အယူခံခုံရုံးသို့ လာရောက်ရန် ဆင့်ဆိုနိုင်သည်။

(င) အယူခံခုံအဖွဲ့သည် ကိုယ်တိုင်မလာရောက်နိုင်သော အမှုသည်များ၏ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်က လာရောက်ဖြေရှင်းတင်ပြခြင်းကို လက်ခံနိုင်သည်။

(စ) အယူခံခုံအဖွဲ့သည် အမှုကိုကြားနာစစ်ဆေးသည့်အခါ တရားရုံးထုံးစံများကို တိကျစွာလိုက်နာရန် မလိုဘဲ အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ကြားနာစစ်ဆေးရမည်။

(ဆ) အယူခံခုံအဖွဲ့သည် အမှုကိုကြားနာစစ်ဆေးသည့်အခါ အမှုသည်က စာဖြင့်တင်ပြ၍ ခွင့်ပန်ခြင်း မရှိလျှင်ဖြစ်စေ၊ ခိုင်လုံသောအကြောင်းမရှိဘဲ လာရောက်ရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ကိုယ်စားလှယ် စေလွှတ်ခြင်းမပြုလျှင်ဖြစ်စေ ထိုသူ၏မျက်ကွယ်တွင် အမှုကို ကြားနာစစ်ဆေးနိုင်သည်။

(ဇ) အယူခံခုံအဖွဲ့သည် ဥပဒေနှင့်အညီ နစ်နာသောအမှုသည်များအား အယူခံခုံရုံးတွင် လျှောက်လဲ ပြောဆိုရန်နှင့် အငြင်းပွားမှု၏ အကြောင်းခြင်းရာများကို ရှင်းလင်းတင်ပြရန် အခွင့်အရေးများ ပေးရမည်။

(ဈ) အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်မှတ်ရေးထိုး၍ အတည်ပြုရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၉)**

၁။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၉၁ (က) နှင့် နည်းဥပဒေ ၂၀၇ တို့အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင်

အမိန့်ကြော်ငြာစာအမှတ် (၁၄၁၉/၂၀၁၅) ဖြင့် ဖွဲ့စည်းခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ လူမှုဖူလုံရေး အယူခံခုံအဖွဲ့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (က) | ဦးဇော်ဇော်ထွေး<br>တိုင်းဒေသကြီးဥပဒေအရာရှိ<br>မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဥက္ကာကျော်<br>တွဲဖက်အထွေထွေအတွင်းရေးမှူး<br>မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း<br>(အလုပ်ရှင်ကိုယ်စားလှယ်) | အဖွဲ့ဝင် |
| ( ဂ ) | ဦးမျိုးချစ်<br>ဥက္ကဋ္ဌ<br>မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံအခြေခံအလုပ်သမားအဖွဲ့အစည်း<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |

၂။ လူမှုဖူလုံရေးအယူခံခုံအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အယူခံခုံအဖွဲ့ ဥက္ကဋ္ဌသည် ခုံအဖွဲ့၏ ကြားနာစစ်ဆေးမှုများကို ဥပဒေနှင့်အညီ ကြီးကြပ်စီမံခန့်ခွဲ၍ တာဝန်ယူဆောင်ရွက်ရမည်။

( ခ ) အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တာဝန်ဝတ္တရားများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိပြီး ဥပဒေနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ စီရင်ဆုံးဖြတ်ရမည်။

( ဂ ) အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဆန္ဒမဲများရာဖြင့်ချမှတ်ရမည်။

(ဃ) အယူခံခုံအဖွဲ့သည် အမှုနှင့်သက်ဆိုင်သော ကာယကံရှင်များ၊ သက်သေများ ဆင့်ခေါ်စာများ ထုတ်ပြန်၍ အယူခံခုံရုံးသို့ လာရောက်ရန် ဆင့်ဆိုနိုင်သည်။

( င ) အယူခံခုံအဖွဲ့သည် ကိုယ်တိုင်မလာရောက်နိုင်သော အမှုသည်များ၏ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်က လာရောက်ဖြေရှင်းတင်ပြခြင်းကို လက်ခံနိုင်သည်။

( စ ) အယူခံခုံအဖွဲ့သည် အမှုကိုကြားနာစစ်ဆေးသည့်အခါ တရားရုံးထုံးစံများကို တိကျစွာလိုက်နာရန် မလိုဘဲ အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ကြားနာစစ်ဆေးရမည်။

(ဆ) အယူခံခုံအဖွဲ့သည် အမှုကိုကြားနာစစ်ဆေးသည့်အခါ အမှုသည်က စာဖြင့်တင်ပြ၍ ခွင့်ပန်ခြင်း မရှိလျှင်ဖြစ်စေ၊ ခိုင်လုံသောအကြောင်းမရှိဘဲ လာရောက်ရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ကိုယ်စားလှယ် စေလွှတ်ခြင်းမပြုလျှင်ဖြစ်စေ ထိုသူ၏မျက်ကွယ်တွင် အမှုကို ကြားနာစစ်ဆေးနိုင်သည်။

( ဇ ) အယူခံခုံအဖွဲ့သည် ဥပဒေနှင့်အညီ နှစ်ဖက်သောအမှုသည်များအား အယူခံခုံရုံးတွင် လျှောက်လဲ ပြောဆိုရန်နှင့် အငြင်းပွားမှု၏ အကြောင်းခြင်းရာများကို ရှင်းလင်းတင်ပြရန် အခွင့်အရေးများ ပေးရမည်။

(ဈ) အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်မှတ်ရေးထိုး၍ အတည်ပြုရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၉)

၁။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၉၁ (က) နှင့် နည်းဥပဒေ ၂၀၇ တို့အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင်

အမိန့်ကြော်ငြာစာအမှတ် (၈၄၈/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ လူမှုဖူလုံရေး အယူခံခုံအဖွဲ့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးသန့်ဇင်<br>တိုင်းဒေသကြီးဥပဒေအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်မျိုးဝင်း<br>ဥက္ကဋ္ဌ<br>စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း<br>(အလုပ်ရှင်ကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ဂ) | ဦးမြင့်ဦး<br>Senior Shift Supervision<br>မြန်မာ-ယန်စီကော့ပါးလီမိတက် အခြေခံအလုပ်သမားအဖွဲ့အစည်း<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |

၂။ လူမှုဖူလုံရေးအယူခံခုံအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အယူခံခုံအဖွဲ့ ဥက္ကဋ္ဌသည် ခုံအဖွဲ့၏ ကြားနာစစ်ဆေးမှုများကို ဥပဒေနှင့်အညီ ကြီးကြပ်စီမံခန့်ခွဲ၍ တာဝန်ယူဆောင်ရွက်ရမည်။

(ခ) အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တာဝန်ဝတ္တရားများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိပြီး ဥပဒေနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ စီရင်ဆုံးဖြတ်ရမည်။

(ဂ) အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဆန္ဒမဲများရာဖြင့်ချမှတ်ရမည်။

(ဃ) အယူခံခုံအဖွဲ့သည် အမှုနှင့်သက်ဆိုင်သော ကာယကံရှင်များ၊ သက်သေများ၊ ကျွမ်းကျင်သူများကို ဆင့်ခေါ်စာများထုတ်ပြန်၍ အယူခံခုံရုံးသို့ လာရောက်ရန် ဆင့်ဆိုနိုင်သည်။

(င) အယူခံခုံအဖွဲ့သည် ကိုယ်တိုင်မလာရောက်နိုင်သော အမှုသည်များ၏ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်က လာရောက်ဖြေရှင်းတင်ပြခြင်းကို လက်ခံနိုင်သည်။

(စ) အယူခံခုံအဖွဲ့သည် အမှုကိုကြားနာစစ်ဆေးသည့်အခါ တရားရုံးထုံးစံများကို တိကျစွာလိုက်နာရန် မလိုဘဲ အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ကြားနာစစ်ဆေးရမည်။

(ဆ) အယူခံခုံအဖွဲ့သည် အမှုကိုကြားနာစစ်ဆေးသည့်အခါ အမှုသည်က စာဖြင့်တင်ပြ၍ ခွင့်ပန်ခြင်းမရှိလျှင်ဖြစ်စေ၊ ခိုင်လုံသောအကြောင်းမရှိဘဲ လာရောက်ရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ကိုယ်စားလှယ်စေလွှတ်ခြင်းမပြုလျှင်ဖြစ်စေ ထိုသူ၏မျက်ကွယ်တွင် အမှုကို ကြားနာစစ်ဆေးနိုင်သည်။

(ဇ) အယူခံခုံအဖွဲ့သည် ဥပဒေနှင့်အညီ နှစ်ဖက်သောအမှုသည်များအား အယူခံခုံရုံးတွင် လျှောက်လဲပြောဆိုရန်နှင့် အငြင်းပွားမှု၏ အကြောင်းခြင်းရာများကို ရှင်းလင်းတင်ပြရန် အခွင့်အရေးများပေးရမည်။

(ဈ) အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်မှတ်ရေးထိုး၍ အတည်ပြုရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉)**

၁။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၉၁ (က) နှင့် နည်းဥပဒေ ၂၀၇ တို့အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင်

အမိန့်ကြော်ငြာစာအမှတ် (၈၄၇/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ လူမှုဖူလုံရေး အယူခံခုံအဖွဲ့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးစိုးစိုး<br>တိုင်းဒေသကြီးဥပဒေအရာရှိ<br>ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး | ဥက္ကဋ္ဌ |
| (ခ) | ဦးကိုကိုကြီး<br>ဗဟိုအလုပ်အမှုဆောင်၊ ကုန်သည်စက်မှုအသင်းချုပ်<br>ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး၊ ကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း<br>(အလုပ်ရှင်ကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်စိုးမိုး (ခ) ဦးအောင်ကျော်စိုးမိုး<br>ဥက္ကဋ္ဌ<br>ပဲခူးတိုင်းဒေသကြီး၊ ကုန်တင်ကုန်ချအလုပ်သမားအဖွဲ့အစည်း<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |

၂။ လူမှုဖူလုံရေးအယူခံခုံအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အယူခံခုံအဖွဲ့ ဥက္ကဋ္ဌသည် ခုံအဖွဲ့၏ ကြားနာစစ်ဆေးမှုများကို ဥပဒေနှင့်အညီ ကြီးကြပ်စီမံခန့်ခွဲ၍ တာဝန်ယူဆောင်ရွက်ရမည်။

(ခ) အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တာဝန်ဝတ္တရားများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိပြီး ဥပဒေနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ စီရင်ဆုံးဖြတ်ရမည်။

(ဂ) အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဆန္ဒမဲများရာဖြင့်ချမှတ်ရမည်။

(ဃ) အယူခံခုံအဖွဲ့သည် အမှုနှင့်သက်ဆိုင်သော ကာယကံရှင်များ၊ သက်သေများ၊ ကျွမ်းကျင်သူများကို ဆင့်ခေါ်စာများထုတ်ပြန်၍ အယူခံခုံရုံးသို့ လာရောက်ရန် ဆင့်ဆိုနိုင်သည်။

(င) အယူခံခုံအဖွဲ့သည် ကိုယ်တိုင်မလာရောက်နိုင်သော အမှုသည်များ၏ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်က လာရောက်ဖြေရှင်းတင်ပြခြင်းကို လက်ခံနိုင်သည်။

(စ) အယူခံခုံအဖွဲ့သည် အမှုကိုကြားနာစစ်ဆေးသည့်အခါ တရားရုံးထုံးစံများကို တိကျစွာလိုက်နာရန် မလိုဘဲ အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ကြားနာစစ်ဆေးရမည်။

(ဆ) အယူခံခုံအဖွဲ့သည် အမှုကိုကြားနာစစ်ဆေးသည့်အခါ အမှုသည်က စာဖြင့်တင်ပြ၍ ခွင့်ပန်ခြင်း မရှိလျှင်ဖြစ်စေ၊ ခိုင်လုံသောအကြောင်းမရှိဘဲ လာရောက်ရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ကိုယ်စားလှယ် စေလွှတ်ခြင်းမပြုလျှင်ဖြစ်စေ ထိုသူ၏မျက်ကွယ်တွင် အမှုကို ကြားနာစစ်ဆေးနိုင်သည်။

(ဇ) အယူခံခုံအဖွဲ့သည် ဥပဒေနှင့်အညီ နှစ်ဖက်သောအမှုသည်များအား အယူခံခုံရုံးတွင် လျှောက်လဲ ပြောဆိုရန်နှင့် အငြင်းပွားမှု၏ အကြောင်းခြင်းရာများကို ရှင်းလင်းတင်ပြရန် အခွင့်အရေးများ ပေးရမည်။

(ဈ) အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်မှတ်ရေးထိုး၍ အတည်ပြုရမည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော် အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ) အတွင်း အဆောက်အဦအထူးအဖွဲ့ (၄) မှ ဆောင်ရွက်မည့် အိမ်တော် B 1 ရေသန့်ဆိုင်ရာ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းတွင် အသုံးပြုမည့် ရေသန့်ပစ္စည်းများဝယ်ယူရန်အတွက် **တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **တင်ဒါကော်မတီ**

(၁) ဦးဝင်းတင့် — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးသိန်းဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃) ဦးမောင်မောင်အုန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အိမ်တော်များဌာနကြီး၊ နိုင်ငံတော်သမ္မတရုံး

(၄) ဦးညဏ်ထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
သမ္မတရုံးဝန်ကြီးဌာန

(၅) ဦးဇော်မင်းဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အိမ်တော်များဌာနကြီး၊ နိုင်ငံတော်သမ္မတရုံး

(၆) ဦးမြင့်ဇော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၇) ဦးအေးကို — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (ရေသန့်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၈) ဒေါ်နွယ်နီဝင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
အဆောက်အဦအထူးအဖွဲ့ (၄)၊ အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၉) ဦးရဲမြင့် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (ရေသန့်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(ခ) တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ စိစစ်ခြင်း၊

(၂) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်း နှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၃) တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၄) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(၅) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်း များနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(၆) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူး တာဝန်ပေးအပ်ခြင်း၊

(၇) တင်ဒါတင်သွင်းမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်၊ နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်းထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်း၊

(၈) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါ အောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးငွေ တောင်းခံခြင်း၊

(၉) တင်ဒါအောင်မြင်သူများအား ကြော်ငြာခြင်း၊

(၁၀) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံ ရရှိရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း။

(ဂ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) ဦးရဲမြင့် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး (ရေသန့်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးကျော်ကျော်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ရေသန့်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃) ဒေါ်မေချောစု — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (ရေသန့်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၄) ဦးစိုးမိုးကျော် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (ရေသန့်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဒေါ်နွယ်နီဝင်း အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
အဆောက်အဦအထူးအဖွဲ့ (၄)၊ အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဃ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) တင်ဒါများလက်ခံရရှိခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများအား စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီအစဉ်စာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(၄) တင်ဒါခေါ်ယူမည့်လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာ ဖော်ပြပေးခြင်း၊

(၅) လုပ်ငန်းအမျိုးအစားအလိုက် တင်ဒါခေါ်ယူခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တိတိကျကျသတ်မှတ်ပေးခြင်း၊

(၆) သတင်းစာတွင် (၁) လကြိုတင်ကြော်ငြာခြင်း၊ ဌာနဆိုင်ရာရုံးကြော်ငြာသင်ပုန်းများတွင် ကြော်ငြာများကို ရက်သတ္တပတ် (၂) ပတ်ခန့် ကြော်ငြာရန်ဆောင်ရွက်ခြင်း၊

(၇) တင်ဒါခေါ်ယူမည့်လုပ်ငန်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း၊

(၈) တင်ဒါပုံစံများနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများအား တင်ဒါတင်သွင်း မည့်သူများသို့ ထုတ်ပေးခြင်း၊ မှတ်တမ်းထားရှိခြင်း၊

(၉) တင်ဒါအတွက်ပေးသွင်းရမည့် တင်ဒါအာမခံငွေ (Tender Deposit) နှင့် ပြန်လည်ထုတ်ပေး ခြင်းတို့အား စည်းကမ်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်စေရန် ကြီးကြပ်ခြင်း။

(င) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) ဦးရဲမြင့် ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး (ရေသန့်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးလှမ်းမိုးဆွေ အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (ရေသန့်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃) ဦးကျင်ထွန်း အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (ရေသန့်)
အိမ်တော်များဌာနကြီး၊ နိုင်ငံတော်သမ္မတရုံး

(၄) ဦးစိုးမိုးကျော် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (ရေသန့်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဦးမိုးမြင့်အောင် အတွင်းရေးမှူး
ဦးစီးအရာရှိ (ရေသန့်)
အဆောက်အဦအထူးအဖွဲ့ (၄)၊ အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(စ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ကြမ်းခင်းဈေးကို တွက်ချက်ပြီး “တင်ဒါကော်မတီ” သို့ တင်ပြခြင်း၊

(၂) ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားတစ်ခုချင်းစီ၏ သတ်မှတ်အတိုင်းအတာ စံချိန်စံညွှန်းအလိုက် ကြမ်းခင်းဈေးကို သတ်မှတ်ခြင်း၊

(၃) လုပ်ငန်းအုပ်စုအလိုက် တင်ဒါခေါ်ယူခြင်းများအတွက် လုပ်ငန်းတစ်ခုတွင်ပါဝင်သော လုပ်ငန်းတစ်ခုချင်းစီ၏ ကြမ်းချင်းဈေးသတ်မှတ်နှုန်းထားများကို စုပေါင်း၍ ကြမ်းခင်းဈေး သတ်မှတ်ခြင်း၊

(၄) ကြမ်းခင်းဈေးအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမည့် ဒေသန္တရဈေးနှုန်းများဖြင့် တွက်ချက်သတ်မှတ်ခြင်း၊

(၅) ကြမ်းခင်းဈေးသတ်မှတ်ရာတွင် ဆောင်ရွက်မည့်လုပ်ငန်းများအလိုက် အသုံးပြုမည့်ပစ္စည်းများ၏ အမျိုးအစားနှင့်အရည်အသွေးကို ဖော်ပြသတ်မှတ်ထားရှိခြင်း။

(ဆ) **အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ**

(၁) ဦးရဲမြင့် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး (ရေသန့်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးလွမ်းမိုးဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (ရေသန့်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃) ဦးကျင်ထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (ရေသန့်)
အိမ်တော်များဌာနကြီး၊ နိုင်ငံတော်သမ္မတရုံး

(၄) ဦးစိုးမိုးကျော် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (ရေသန့်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဦးမိုးမြင့်အောင် — အတွင်းရေးမှူး
ဦးစီးအရာရှိ (ရေသန့်)
အဆောက်အဦအထူးအဖွဲ့ (၄)၊ အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဇ) အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့်ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် ( ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်)

အမှတ် ၃၂/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

ကျော်ဝေ ကြည်း ၇၄၃၉၃

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

### စားသုံးသူရေးရာဦးစီးဌာန
### ညွှန်ကြားချက်အမှတ် (၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်)

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်အမှတ် ၉။) ပုဒ်မ ၈၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကို နေပြည်တော်ဦးစီးမှူးရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေသည့် ညွှန်ကြားချက်**

၁။ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များ ဖြစ်သည့် ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကို နေပြည်တော်ဦးစီးမှူးရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ အောက်ဖော်ပြပါအတိုင်း တာဝန်လွှဲအပ်လိုက်သည် -

(က) စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ရန် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဘေးအန္တရာယ်ရှိကြောင်း ပြန်ကြားလာသည့် ကုန်စည်နှင့်စပ်လျဉ်း၍ ဥပဒေအရ အရေးယူဆောင်ရွက်ရန်၊

(ဂ) စားသုံးသူတွင် နစ်နာဆုံးရှုံးမှုဖြစ်ပွားခြင်းနှင့်စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးရန်နှင့် ယင်းစေ့စပ်ညှိနှိုင်းဖြေရှင်းပေးမှုများကို ဦးစီးဌာနနှင့် ကော်မတီသို့ တင်ပြရန်၊

(ဃ) ပုဒ်မ ၂၁ အရ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ ၂၄၊ ၂၅ နှင့် ၂၇ တို့အရ စားသုံးသူက တောင်းဆိုနိုင်သော အခွင့်အရေးများကိုပေးအပ်ရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ဖောက်ဖျက်သည့် မည်သည့်စီးပွားရေးလုပ်ငန်းရှင်ကိုမဆို ပုဒ်မ ၅၂ တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်ပြီး ဦးစီးဌာနနှင့် ကော်မတီသို့ တင်ပြရန်၊

(င) ပုဒ်မ ၂၁၊ ၂၄၊ ၂၅ နှင့် ၂၇ တို့ပါ ပြဋ္ဌာန်းချက်များမှတစ်ပါး ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို စီးပွားရေးလုပ်ငန်းရှင်က လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မတီသို့ တင်ပြရန်၊

(စ) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရန်။

၂။ ၂၀၁၉ ခုနှစ်၊ စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်စေရန် အပိုဒ် (၁) ပါ အချက်များကို ဦးစီးဌာနကိုယ်စား ဆောင်ရွက်ရန်ညွှန်ကြားလိုက်သည်။

မြင့်လွင်၊
ညွှန်ကြားရေးမှူးချုပ်၊
စားသုံးသူရေးရာဦးစီးဌာန။

## ကုသရေးဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်)

အမှတ် ၂။ ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ (သွေးဗေဒ) ဒေါက်တာ ထွန်းလွင်ငြိမ်း (ဆမ-၉၀၅၆) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာစိုးဦး၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ကုသရေးဦးစီးဌာန။

## ပြည်တွင်းအခွန်များဦးစီးဌာန

**အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်အမှတ် ၂/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

### အငှားချထားသူက ငှားရမ်းခြင်းအတွက် ရရှိသည့် ပရီမီယံ (Lease Premium) အပေါ်တွင် ဝင်ငွေခွန် ကျသင့်ခြင်းနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အငှားချထားသူက ရရှိသည့် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) အပေါ်တွင် ဝင်ငွေခွန် တွက်ချက်ရာ၌ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကို ရှင်းလင်းစွာ သိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤအမိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်သည် အငှားချထားသူအနေဖြင့် ရရှိသည့် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) အပေါ်တွင် ဝင်ငွေခွန်ပေးဆောင်ရမည့် နည်းလမ်းနှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ အမိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤထုတ်ပြန်ချက်သည် မိမိပိုင်ဆိုင်သော ပစ္စည်းတစ်ခုခုကို အငှားချထားသူများအပေါ်တွင် အကျိုးသက်ရောက်စေပါသည်။

**သက်ဆိုင်ရာအဓိပ္ပာယ်ဖော်ပြချက်များ**

၄။ **အငှားချထားသူ**ဆိုသည်မှာ မိမိပိုင်ဆိုင်သည့်ပစ္စည်းတစ်ခုခုကို သတ်မှတ်ထားသည့်ငှားရမ်းခအပြင် **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ကိုပါရယူ၍ အငှားချထားသောပစ္စည်း၏ ပိုင်ရှင်ကို ဆိုလိုပါသည်။

၅။ **အငှားပိုင်ဆိုင်သူ**ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ငှားယူရာတွင် သတ်မှတ်ထားသည့် ငှားရမ်းခအပြင် **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ကိုပါ အငှားချထားသူသို့ပေးချေ၍ ငှားယူသူကို ဆိုလိုပါသည်။

၆။ **ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium)** ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ငှားရမ်းခွင့်ရရှိရန်အတွက် အငှားပိုင်ဆိုင်လိုသူက အငှားချထားသူသို့ တစ်လုံးတည်းပေးချေရသည့်ငွေကို ဆိုလိုပါသည်။

**သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်**

၇။ (က) ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၃ တွင် "မည်သူမဆို နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်လျှင် ယင်းသို့ပြုလုပ်၍ရရှိသော မြတ်စွန်းငွေအတွက် အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။ အခြေပစ္စည်းမှ မြတ်စွန်းငွေကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အတိုင်းတွက်ချက်၍ အခွန်စည်းကြပ်ရမည်။" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

(ခ) ဝင်ငွေခွန်နည်းဥပဒေများ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ဂ) တွင် "အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိသူအား သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း အခွန်စည်းကြပ်ရမည်။ ထိုသို့ စည်းကြပ်ရာတွင် ယင်းဝင်ငွေနှစ်အတွင်း တည်ဆဲအခွန်နှုန်းများဖြင့် အခွန်တွက်ချက်တောင်းခံရမည်။" ဟူ၍ ပြဋ္ဌာန်းထားပါသည်။ အခြေပစ္စည်းမှ မြတ်စွန်းငွေကို သတ်မှတ်ရာတွင် ဝင်ငွေခွန်နည်းဥပဒေများ အခန်း - ၄ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တွက်ချက်သတ်မှတ်ရမည်ဖြစ်ပါသည်။

(ဂ) ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ တွင် -

"(က) မည်သည့် စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းထားများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ပြုနိုင်သည် -

(၁) ဝင်ငွေခွန် စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊

(၂) ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊

(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့်ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းပြုသည့်အခါ အဆိုပါ စည်းကြပ်နှစ်နှင့်သက်ဆိုင်သောဝင်ငွေနှစ်အတွင်း စည်းကြပ်ထိုက်သည့်စုစုပေါင်းဝင်ငွေ ရရှိသူအားလုံးအား ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် သတ်မှတ်သည့်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်စေရမည်။" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

၈။ အခြေပစ္စည်းမှမြတ်စွန်းငွေနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့၏ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၂၈ တို့တွင် ပြဋ္ဌာန်းထားချက်များအရ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်ဖြစ်ပြီး ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။

(ခ) နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်ပေးဆောင်ရန် လိုအပ်မည်မဟုတ်ဘဲ အဆိုပါ အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်ပိုမိုပြီး မြတ်စွန်းငွေပေါ်ပေါက်ပါက ယင်းမြတ်စွန်းငွေအပေါ်တွင် ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။

၉။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဒ) တွင် **အခြေပစ္စည်းမှမြတ်စွန်းငွေ** ဆိုသည်မှာ အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း ပြုလုပ်၍ရရှိသော မြတ်စွန်းငွေကိုဆိုလိုကြောင်း၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ထ) တွင် **အခြေပစ္စည်း** ဆိုသည်မှာ မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏ အခန်းများ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မ-တည်ပစ္စည်းကိုဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

၁၀။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့၏ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) ၌ "ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်း ငှားရမ်းခရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်း မပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ် ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

## လိုက်နာဆောင်ရွက်ရန်သတ်မှတ်ချက်

၁၁။ အငှားချထားသူက မိမိပိုင်ဆိုင်သည့် ပစ္စည်းတစ်ခုခုကို အငှားချထားခြင်း ပြုလုပ်ရာတွင် အငှားချထား သူက ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) ရရှိပါသည်။ ငှားရမ်းမှုသဘောတူညီချက်အရ အငှားချထားသူသည် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) ရရှိသဖြင့် အငှားပိုင်ဆိုင်ခွင့် ဟူသောအခွင့်အရေးကို အငှားပိုင်ဆိုင်သူကို လွှဲပြောင်းပေးခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် အငှားချ ထားသူသို့ ထိတွေ့၍မရသောပစ္စည်းကို ငှားရမ်းမှု သဘောတူညီချက်နှင့်အညီ လွှဲပြောင်းပေးခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ငှားရမ်းမှု သဘောတူညီချက်အရ အငှားချထားသူက ရရှိသည့် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) သည် လုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ ထိတွေ့၍မရသောပစ္စည်းကို အငှား ပိုင်ဆိုင်သူကို လွှဲပြောင်းပေးခြင်းမှ ရရှိသည့်ငွေဖြစ်ပါသည်။ သို့ဖြစ်၍ ထိုရငွေပမာဏ၏ ၁၀ ရာခိုင်နှုန်းကို ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပါသည်။ အငှားချထားသူအနေဖြင့် ပစ္စည်းတစ်ခုခုကို အငှားချထားရာတွင် ပြုန်းတီးမှုတန်ဖိုးအတွက် ထပ်မံကုန်ကျရသော စရိတ်မရှိဘဲ ပစ္စည်း၏ပိုင်ဆိုင်မှုအခွင့်အရေးအပေါ်တွင် ရရှိသောငွေကြေးဖြစ်သဖြင့် ထိတွေ့၍မရသောပစ္စည်းကို သဘောတူညီမှုပြု၍ အငှားပိုင်ဆိုင်သူသို့ လွှဲပြောင်း ပေးခြင်းမှ ရရှိသည့် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) အပေါ်တွင် အခြေပစ္စည်းမှမြတ်စွန်းငွေ တွက်ချက်ရာ၌ မည်သည့်ကုန်ကျစရိတ်မျှ နုတ်ပယ်ခွင့်မရှိသည့်အပြင် အငှားပိုင်ဆိုင်သူထံ ယင်းသို့ ပိုင်ဆိုင်ခွင့် လွှဲပြောင်းပေးခြင်းအတွက် မူလတန်ဖိုးကို 'သုည' ဟု သတ်မှတ်တွက်ချက်ရမည်ဖြစ်ပါသည်။

၁၂။ ထပ်ဆင့် အငှားချထားခြင်းဖြစ်ပါက ယင်းသို့ရရှိသည့် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) မှ မူလငှားယူစဉ်က အငှားချထားသူသို့ ပေးအပ်ခဲ့ရသည့် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) ကို မူလတန်ဖိုးအဖြစ်သတ်မှတ်၍ နုတ်ပယ်တွက်ချက်ရမည်ဖြစ်ပါသည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် ( ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

**အမ်အယ်(လ်)ဘီမြန်မာ ကုမ္ပဏီလီမိတက်**

အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့် ကြွေးများတောင်းခံရန်

သတိပေးခြင်း

၂၀၁၉ ခုနှစ်၊ မေလ (၃) ရက်နေ့ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဦးစိန်ဝင်း Top Sein Win & Associate Consulting Ltd အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၉. ၆. ၂၀၁၉) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

U Than Htike Aung
Managing Director
MLB MYANMAR CO., LTD
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ဝင်း
(B.Com, R.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Top Sein Win & Associate Consulting Ltd
တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊
မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**LA SOURCE TRADING LTD**

အစုရှင်များ၏ ဆန္ဒအရဖျက်သိမ်းဆဲ
နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

**LA SOURCE TRADING LTD** ကို အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဖြစ်၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) နှင့်အညီ အစုရှင်များ၏ အပြီးသတ်နောက်ဆုံး အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နေ့ရက် ။ ။ ၂၀. ၅. ၂၀၁၉

အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

နေရာ ။ ။ တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အဆိုပါအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် အစီရင်ခံစာကို တင်ပြအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

ဦးစိန်ဝင်း
(B.Com, R.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Top Sein Win & Associate Consulting Limited.
တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊
မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁ - ၈၆၀၃၇၆၀

**ရွိုင်ရယ် ဖိ(ဒ်) ကုမ္ပဏီလီမိတက်**

**(ROYAL FEED COMPANY LIMITED)**

အစုရှင်များ၏ဆန္ဒအရ နောက်ဆုံးအပြီးသတ် အစည်းအဝေးဖိတ်ကြားခြင်း

**ROYAL FEED COMPANY LIMITED** ၏ နောက်ဆုံးအပြီးသတ် အစည်းအဝေးကို (၁၀. ၆. ၂၀၁၉) ရက်နေ့ နံနက် (၉း၀၀) နာရီတွင် အမှတ် (၅၄)၊ လမ်းမတော်လမ်း၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့၌ နောက်ဆုံးအပြီးသတ် အစည်းအဝေးကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

KYAWT MG
B.A, C.P.A, R.A, I.C.M.A, PART II (LONDON)
Certified Public Accountant & Auditor

## ဘီ+အိချ် ကွန်ဆော့တင်းမြန်မာကုမ္ပဏီလီမိတက်
## (B+H Consulting Myanmar Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၄၅ (ခ) အရ
ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်း ကြေညာခြင်း

**ဘီ+အိချ် ကွန်ဆော့တင်းမြန်မာကုမ္ပဏီလီမိတက် (B+H Consulting Myanmar Company Limited)** သည် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင်ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဘီ+အိချ် ကွန်ဆော့တင်းမြန်မာကုမ္ပဏီလီမိတက် (B+H Consulting Myanmar Company Limited)** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ဦးဦးကျော်သိန်း (တရားလွှတ်တော်ရှေ့နေ-စဉ်-၁၀၂၂၆) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁) လအတွင်း တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဦးကျော်သိန်း
(LL.B, DPM, DIR)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၂၆)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၉၂)၊ မြန်မာစင်တာ (တာဝါအမှတ်-၁)၊ အခန်းအမှတ်-၁၀၊
(၈) လွှာ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁ ၉၃၄၅၂၄၂

## ဖိုင်နေရှယ်(လ်) အလိုင်းရန့် ဂရု(ပ်) ကုမ္ပဏီလီမိတက်
## (FINANCIAL ALLIANCE GROUP COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ နောက်ဆုံးအပြီးသတ် အစည်းအဝေးဖိတ်ကြားခြင်း

**FINANCIAL ALLIANCE GROUP COMPANY LIMITED** ၏ နောက်ဆုံးအပြီးသတ် အစည်းအဝေးကို (၁၀. ၆. ၂၀၁၉) ရက်နေ့ နံနက် (၉း၀၀) နာရီတွင် အမှတ် (၂၅၂/၁၀)၊ မိုးဆွေလမ်း၊ (၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၌ နောက်ဆုံးအပြီးသတ် အစည်းအဝေး ကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

KYAWT MG
B.A, C.P.A, R.A, I.C.M.A, PART II (LONDON)
Certified Public Accountant & Auditor

## အိုင်ကေဘီဇက် အထွေထွေအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက်

## (IKBZ GENERAL INSURANCE CO., LTD)

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မေလ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ အထူးကျင်းပသည့် အထွေထွေအစည်းအဝေးမှ ချမှတ်ခဲ့သော အထူးဆုံးဖြတ်ချက်အရ **အိုင်ကေဘီဇက် အထွေထွေအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက် (IKBZ GENERAL INSURANCE CO., LTD)** အား (၇. ၅. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ပြီး ဦးနေမျိုးအောင် (B.Com, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် (၇. ၅. ၂၀၁၉) ရက်နေ့တွင် ခန့်အပ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးနေမျိုးအောင်
B.Com, C.P.A, MBA HGP, DBL, DIL, DA (LCCI)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၃၂)၊ ၅ လွှာ၊ ၁၆၅ လမ်း၊ တာမွေကြီး
(ခ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၁၁၃၉၆

## Htoo Han Thit Auto Services Company Limited

ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **Htoo Han Thit Auto Services Company Limited** ကို အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၆. ၅. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ဆွေဆွေမြင့်
မန်နေးဂျင်း ဒါရိုက်တာ
Htoo Han Thit Auto Services Co.,Ltd

ဦးဇင်ဝေ
B.Com (AA), C.P.A (210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

NOTICE OF FINAL MEETING

In the matter of the Myanmar Companies Act and

**MYANMAR TECHMAT VENTURE LIMITED**

(In Voluntary Liquidation)

[Notice Under Section 208 (E)]

Notice is hereby given that the Final General Meeting of the Contributories Under Section 208 (E) will be held at 54 Lorong 23 Geylang, TM 54, # 02-01 Singapore 388380 on 10th June, 2019 at 10:00 am for the purpose of laying before it an account of the winding up.

U Papo Ganesan
[B.A (English), R.L],
Advocate (Registration No. 4647)
Khin Su Htay & Associates
Liquidator

Building No. C 1, Room No. 005, Ground Floor, Hninnsi Street, Yuzana Highway Complex, Kamayut Township, Yangon, Myanmar.

**မြန်မာ အရင်းအမြစ် စွမ်းအင် ကုမ္ပဏီလီမိတက်**

**(MYANMAR SOURCE ENERGY COMPANY LIMITED)**

ကုမ္ပဏီစာရင်းအပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့ နံနက် (၁၀း၀၀) တွင် ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာရှင်အနေဖြင့် တိုက်အမှတ်-စီ ၁၊ အခန်း -၀၀၅၊ မြေညီထပ်၊ နှင်းဆီလမ်း၊ ယုဇနဟိုင်းဝေးကွန်းပလက်စ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည် ဖြစ်ပါသည်။

U Papo Ganesan
[B.A (English), R.L],
Advocate (Registration No. 4647)
Khin Su Htay & Associates Legal and Tax Consultants Ltd
Liquidator

# အကွာပူရ ကုမ္ပဏီလီမိတက်
# Aqua Pura Co., Ltd
# အများသိစေရန် ကြေညာချက်

ကျွန်ုပ်တို့၏ **အကွာပူရ ကုမ္ပဏီလီမိတက် (Aqua Pura Co., Ltd)** သည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ခုနှစ် အရ ပြန်လည်မှတ်ပုံတင်ပြီး ကုမ္ပဏီလက်မှတ်အမှတ် - ၁၀၉၃၉၆၉၁၅ (၂၁. ၁၀. ၂၀၁၅) ဖြင့် မှတ်ပုံတင်ရရှိထားသော ကုမ္ပဏီဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်တို့၏ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ခုနှစ် ပုဒ်မ (၅၇)၊ (၅၈) အရ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီမှ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်း တည်ထောင်ရန် အထူးဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
အကွာပူရ ကုမ္ပဏီလီမိတက် (Aqua Pura Co., Ltd) ၏
အစုရှယ်ယာရှင်များကိုယ်စား

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၁၀-၅-၂၀၁၉။